# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်　　၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၃ ရက်၊ အင်္ဂါနေ့　　အတွဲ (၆၂)၊ အမှတ် (၀၉၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနား (ဒုတိယနေ့)သို့ တက်ရောက်ချီးမြှင့်

**နေပြည်တော် ဇန်နဝါရီ ၂**

၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနား(ဒုတိယနေ့)ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သဘင်ဆောင်၌ ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတွင် အပိုင်းနှစ်ပိုင်းခွဲ၍ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားပြီး ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသည့် လူပုဂ္ဂိုလ်များ၊ ဆရာတော်၊ သံဃာတော်များနှင့် ဘာသာရေးခေါင်းဆောင်များ၊ မိသားစုဝင်များ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❍



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သီရိပျံ့ချီဘွဲ့ရရှိသူ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

## ယနေ့ ဖတ်စရာ


**စိန်ရတုမှသည် ကမ္ဘာတည်သရွေ့ လွတ်လပ်ရေးနေ့ပေါင်းများစွာဆီသို့ ........** — ဆောင်းပါး — စာ - ၁၀

**ဂျပန်ကေရာဇ် သုံးနှစ်အတွင်း ပထမဆုံးအကြိမ် ပြည်သူများအား နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားပြောကြား** — နိုင်ငံတကာသတင်း — စာ - ၁၃


## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၂**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းတွင် နေပြည်တော် ဗိုလ်ရှုခံရင်ပြင်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပပုံများကို ယင်းနေ့ နံနက် ၅ နာရီ ၄၅ မိနစ်တွင်

*စာမျက်နှာ ၆ ကော်လံ ၅* ❂

# မြန်ဂုဏ်၊ မာဂုဏ် မြင့်မားသော မြန်မာစိတ်ဓာတ်ကို မွေးမြူ၍

နှစ်ပေါင်းထောင်ချီ၍ ကြာမြင့်ခဲ့ပြီဖြစ်သည့် မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းကို ပြန်ကြည့်လျှင် ဇာတိပုညဂုဏ်မာန တက်ကြွဖွယ်ရာများနှင့်အတူ သင်ခန်းစာယူဖွယ်၊ သံဝေဂရဖွယ်တို့လည်း များစွာ ရောပြွမ်းလျက်ရှိသည်။ ရောဝတီနှင့် စစ်တောင်းမြစ်ဝှမ်းဒေသကြီးများကို အုပ်ချုပ်ရေးဗဟိုပြု၍ ဘေးမှဝန်းရံထားသော ပြည်ထောင်များနှင့် စုစည်းနေထိုင်ခဲ့သည့် ပြည်ထောင်စုပုံစံသည် ဗြိတိသျှတို့ ကျူးကျော်သိမ်းပိုက်ခြင်းမခံရမီအချိန်ကတည်းက တည်ရှိခဲ့သည့် ပုံစံဖြစ်ပြီး စည်းလုံးညီညွတ်သည့် ထိုအင်အားဖြင့်ပင် ပတ်ဝန်းကျင်နိုင်ငံများ၏ လေးစားခန့်ညားမှုကို ရရှိခဲ့ခြင်းဖြစ်သည်။

အင်းဝပြည့်ရှင် ဟံသာဝတီမင်းတရားကြီးလက်ထက် ဒုတိယကျော်အောင်စံထား ဆရာတော်ပြုစုသည့် ဝေါဟာရတ္ထပကာသနီကျမ်းတွင် "မြန်မာ" ဟူသော ဝေါဟာရနှင့် စပ်လျဉ်း၍- မြန်မာသဒ္ဒါမှာ စစ်ချီစစ်တက်ခြင်းမှစ၍ ခက်ခဲသော အရေးအကြောင်းနှင့် တွေ့ဆုံကြုံကြိုက်သည့်အခါ ဤအရေးကို ပြီးစီးအောင်မြင်ရန် ဇဝနဉာဏ်၊ တခ်ဏုပ္ပတ္တိဉာဏ်တို့ဖြင့် လျင်မြန်စွာ ကြံစည်တတ်သော သတ္တိဂုဏ်နှင့် ပြည့်စုံခြင်းတစ်ရပ်၊ မြန်မာသဒ္ဒါမှာ မည်သည့်အရာကိစ္စမဆို လိုရာဆန္ဒအာသီသ နှလုံးသွင်းအတိုင်း ပေါက်မြောက်အောင် မလျှော့သော လုံ့လဝီရိယတို့ဖြင့် ဇာတိသွေး၊ ဇာတိမာန် ခက်ထန်တင်းမာသော စိတ်ရင်းသတ္တိဂုဏ် ပြည့်စုံခြင်းတစ်ရပ် ဤနှစ်ရပ်သော မြန်သဒ္ဒါ၊ မာသဒ္ဒါတို့ကို တုပ္ပုရိသ် သမာသ်တွဲ၍ မြန်မာဟု ခေါ်ဝေါ်ခြင်းဖြစ်ကြောင်း ဖွင့်ဆိုထားသည်။ တစ်နည်းအားဖြင့်ဆိုပါက မြန်မာနိုင်ငံတွင် နှစ်ကာလရှည်စွာ အစဉ်အဆက်ပျံ့နှံ့စွာ အတူတကွ အခြေစိုက်နေထိုင်ကြသော မြန်ဂုဏ်၊ မာဂုဏ်တို့နှင့် ပြည့်စုံကြသော တိုင်းရင်းသားလူမျိုးအားလုံးတို့မှာ "မြန်မာ" များ ဖြစ်ကြသည်။

ရှေးကာလ မြန်မာတို့ စည်းလုံးညီညွတ်မှု အားကောင်းသည့် ခေတ်တိုင်းတွင် နိုင်ငံ၏ဩဇာအာဏာမှာ ကျယ်ပြန့်စွာ ပျံ့နှံ့တည်ရှိခဲ့သည်ကို သမိုင်းတွင်တွေ့ရှိနိုင်ပြီး တောင်ပေါ်မြေပြန့်နေ မိမိတို့ဘိုးဘေးများ၏ ကျေးဇူးကြောင့်သာ အရှေ့တောင်အာရှကုန်းမြေပေါ်တွင် အကျယ်ဝန်းဆုံးသော နယ်နိမိတ်နှင့် အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံနှင့် နိုင်ငံသားများဘဝကို မိမိတို့ရရှိထားနိုင်ခြင်းဖြစ်သည်။ သို့ရာတွင် နယ်ချဲ့လက်အောက်မှ ပြန်လည်လွတ်မြောက်ခဲ့ပြီးနောက် မိမိတို့နိုင်ငံသည် မျှော်မှန်းသလောက် ခရီးမပေါက်။ အခြားလွတ်လပ်သည့်နိုင်ငံများ ခြေတစ်လှမ်းလှမ်းလျှင် မိမိတို့နိုင်ငံက လေး၊ ငါး၊ ဆယ်လှမ်း လှမ်းနိုင်ရမည်ဆိုသော်လည်း မလှမ်းနိုင်ခဲ့။

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့မှ ရှေ့အနာဂတ်ကာလနှင့် စပ်လျဉ်း၍မူ "ကုန်လွန်ခဲ့ပြီဖြစ်တဲ့ ၇၅ နှစ်တာကာလအတွင်း နိုင်ငံနဲ့လူမျိုးအတွက် အကျိုးမပြုစေခဲ့တဲ့ အတွေးအခေါ်များနဲ့ လုပ်ဆောင်ချက်များကို ချန်ရစ်ခဲ့ပြီး နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမယ့် အပြုသဘောဆောင်ရွက်ချက်များကို "မြန်မာစိတ်" မွေးပြီးတော့ စည်းစည်းလုံးလုံး လုပ်ကိုင်သွားကြမယ်ဆိုရင် ကျွန်တော်တို့သွားချင်တဲ့ ပန်းတိုင်ကို မလွဲမသွေ ရောက်ရှိမှာပဲ ဖြစ်ပါတယ်" ဟူသော နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ နှစ်သစ်ကူး နှုတ်ခွန်းဆက်စကားနှင့်အညီ မြန်ဂုဏ်၊ မာဂုဏ် မြင့်မားသော မြန်မာစိတ်ဓာတ်ဖြင့် မိမိတို့ရည်မှန်းသည့် ကမ္ဘာ့အလယ် ဝင့်ထည်နိုင်သော ပြည်ထောင်စုနိုင်ငံတော်ကြီးကို စည်းလုံးညီညွတ်စွာ တည်ဆောက်နိုင်ကြပါစေကြောင်း။ ။

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၅) ရပ်

၁။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန် ကြိုးစားဆောင်ရွက်ရေး။

၃။ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး "ရှေ့သို့ချီမည်၊ ပန်းတိုင်ဆီ" (Keep Moving Forward to Achieve Our Goal) ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝတည်ဆောက်ရေး။

၄။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့် သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး။

၅။ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပရေးနှင့် တိုင်းရင်းသားအားလုံး အချိုးကျကိုယ်စားပြု ပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ်ဖြစ်ပေါ်လာစေရေး။

# (၇၅)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကိုယ့်အားကိုယ်ကိုး စွမ်းစော်-ဝိန်းနန်း တံတားကြီး ဖွင့်လှစ်

မူဆယ် ဇန်နဝါရီ ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ တိန်းလုံကျေးရွာအုပ်စု ဝိန်းနန်းကျေးရွာတွင် နယ်နိမိတ် အနီးကပ်ဆုံး ထိစပ်တည်ရှိလျက်ရှိသော ကျေးရွာအုပ်စုနှင့်ရပ်ကွက်များ သွားလာရေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးတို့ကို အဆင်ပြေချောမွေ့စွာ လုပ်ဆောင်နိုင်ရန် တည်ဆောက်ထားသည့် စွမ်စော် – ဝိန်းနန်းတံတားကြီးကို ယမန်နေ့က ဖွင့်လှစ်သည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်မိုး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်း၊ ပန်ဆေးပြည်သူ့စစ်ခေါင်းဆောင် ဦးဉာဏ်လင်းနှင့် တာဝန်ရှိသူများက တံတားသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

အဆိုပါ တံတားသစ်ကို ရှမ်းပြည်နယ်အစိုးရ၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ထောက်ပံ့ငွေကျပ်သိန်း ၅၀၀၊ ဝိန်းနန်းကျေးရွာ၏ လှူဒါန်းငွေကျပ် ၁၂၈၆ သိန်း၊ ပန်ဆေးပြည်သူ့စစ်(ဌာနေ) မိသားစု၏ အလှူငွေကျပ် သိန်း ၁၀၀၀ ၊ ရင်ဟော့ကုမ္ပဏီ နောင်ပိုကျေးရွာ၏ လှူဒါန်းငွေကျပ် ၁၀၁၆ သိန်း၊ ဒေသခံမိဘပြည်သူများနှင့် လုပ်ငန်းရှင်များ၏ လှူဒါန်း ငွေကျပ်သိန်း ၈၃၀ တို့ ပူးပေါင်းပါဝင်လှူဒါန်းကြပြီး စုစုပေါင်း တံတားတန်ဖိုးငွေကျပ် ၄၆၃၂ သိန်းဖြင့် အရှည် ပေ ၁၀၀၊ အကျယ်ပေ ၂၀၊ အမြင့် ၂၃ ပေ၊ တံတား၏ ခံနိုင်ဝန်အား ၆၅ တန် ရှိသော သံကူကွန်ကရစ်တံတားကို ၁၀-၂-၂၀၂၂ ရက်မှစ၍ တည်ဆောက် ခဲ့ရာ ၅-၁၂-၂၀၂၂ ရက်တွင် အောင်မြင်စွာ တည်ဆောက်ပြီးစီးခဲ့ကြောင်း သိရသည်။

**အယ်လ်စိုး(မူဆယ်)**



# တွဲလက်ညီညာ ပြည်မြန်မာ

* ရည်မှန်းချက်ညီ
ပန်းတိုင်ဆီသို့၊ မြဲသည်လက်များ
တွဲယှက်ထား၍၊ စိတ်ထားတူညီ
ဖွဲ့စိတ်ရည်စို့။

* တို့ဘိုးဘွားမွေ
ရိုးရာတွေလည်း ၊ စွဲလေ ခိုင်စွာ
ထိန်းသိမ်းပါမည် ၊ ကမ္ဘာချီနေ
တည်တံ့စေဖို့။

* လူသစ် စိတ်သစ်
အားမာန်သစ်နှင့် ၊ ခေတ်သစ်လူ့ဘောင်
တို့ ထူထောင်အံ့ ၊ နှံ့စပ်ပြည်ခွင်
ကြည်လင်အေးမြ ၊ ချစ်ခင်ကြ၍
ပြည်မ ပြည်နယ် ၊ အသွယ်သွယ်၏
ယှက်နွယ်လက်များ ၊ ခိုင်ခိုင်ထားလျက်
ရှည်လျားခရီး ၊ ညီညာပြီးလျှင်
မငြီးစေရာ ၊ ပြည်ခွင် သာကြောင်း
အားသစ် လောင်းစို့။

* မျိုးနွယ်စုများ
ရေကို သားသော် ၊ အခြား မထင်
ရှိလေအင် သို့ ၊ ဂုဏ်ထင်မငြီး
စုစည်းမပျက် ၊ တွဲလက် ကူမည်
အမြဲညီစို့။ ။

မြရည်နန္ဒာ

# အများအားဖြင့် သာယာမည်

နေပြည်တော် ဇန်နဝါရီ ၂

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ လျော့နည်းနေမည်။ **မိုး/ဇလ**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနား(ဒုတိယနေ့)တွင် အမှာစကားပြောကြားစဉ်။

❍ *ရှေ့ဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို အပိုင်းနှစ်ပိုင်းခွဲ၍ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် နံနက်ပိုင်းတွင် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များဖြစ်ကြသည့် သီရိပျံ့ချီဘွဲ့ရရှိသူ ၁၆၈ ဦးနှင့် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ၂၁ ဦး တို့ကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ၁၃၂ ဦး၊ အလင်္ကာကျော်စွာဘွဲ့ရရှိသူ ၁၈ ဦးနှင့် သိပ္ပကျော်စွာဘွဲ့ရရှိသူ ငါးဦးတို့ကိုလည်းကောင်း ဂုဏ်ထူးဆောင်ဘွဲ့များကို တစ်ဦးချင်း လက်ရောက်ချီးမြှင့်အပ်နှင်းသည်။

ထိုသို့ ချီးမြှင့်အပ်နှင်းရာတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာ၌ *စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သီရိပျံ့ချီဘွဲ့ရရှိသူ ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးခက်ထိန်နန်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သီရိပျံ့ချီဘွဲ့ရရှိသူ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ ဥက္ကဋ္ဌ စတီဗင်ဦးသန်းမြင့်ဦးအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သီရိပျံ့ချီဘွဲ့ရရှိသူ သီရိသျှီဝဘုရားကျောင်းဦးစီးနာယကဆရာတော် သီရိ ၁၀၀၈ ဆွာမိ ဝိဝေကာနန္ဒ ဂိရိကြီး မဟာရာဂျ်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သီရိပျံ့ချီဘွဲ့ရရှိသူ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး(DKBA) စစ်ဦးစီးချုပ် ဦးကျော်သန်းအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သီရိပျံ့ချီဘွဲ့ရရှိသူ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား အစည်းအရုံး(DKBA) နယ်ခြားစောင့်တပ်များ ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးကြီး စောချစ်သူအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သီရိပျံ့ချီဘွဲ့ရရှိသူ လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) ဥက္ကဋ္ဌ ဦးရွှေမင်း(ခ) ဆီဖာလာလူးအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဒေါ်ခင်မေရီအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦးအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ဦးလဆန်အောင်ဝါအဖွဲ့၊ KIO (ခွဲထွက်) ဦးလဆန်အောင်ဝါအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ပအိုဝ်အဖွဲ့(PNO)(ရှမ်းပြည်နယ်တောင်ပိုင်း၊ အထူးဒေသအဖွဲ့-၆) ဦးအောင်ခမ်းထီ (ကိုယ်စား) သားဖြစ်သူ ခွန်အောင်ခမ်းအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

*စာမျက်နှာ ၃ မှ*

လွတ်လပ်ရေးကြိုးပမ်းမှုကာလမှ ယနေ့အထိ အသက်ခန္ဓာနှင့် သွေးချွေးများကို ပေးဆပ်ပြီး ထူးကဲစွာဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာတွင် သက်စွန့်ကြိုးပမ်းထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲရေးကဏ္ဍများတွင် ထူးခြားထက်မြက်စွာ စွမ်းဆောင်နိုင်ခဲ့ကြသည့်ပုဂ္ဂိုလ်များ၊ နယ်ဘက်နှင့် စစ်ဘက်ဆိုင်ရာတို့တွင် တိုင်းကျိုးပြည်ကျိုးကို အများနှင့်မတူအောင် ထူးခြားစွာ စွမ်းဆောင်နိုင်ခဲ့ကြသည့်ပုဂ္ဂိုလ်များ၊ နိုင်ငံနှင့်လူမျိုးအတွက် သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့် အခြားသောပညာရပ်တစ်ခုခုတွင် ကမ္ဘာ့အဆင့်မီအောင်မြင်စွာ တီထွင်ဖန်တီးစွမ်းဆောင်နိုင်သည့်ပုဂ္ဂိုလ်များ၊ စာပေနှင့် အနုသုခုမပညာရပ်များတွင်

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ကရင်အမျိုးသားအစည်းအရုံး(KNU) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး(ကိုယ်စား) သမီးဖြစ်သူ နော်ဆာအယ်စေးဖိုးအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် အလင်္ကာကျော်စွာဘွဲ့ရရှိသူ စာရေးဆရာ ဦးအုန်းမောင် (မြင်းမူ မောင်နိုင်မိုး)အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် အလင်္ကာကျော်စွာဘွဲ့ရရှိသူ တေးရေးပညာရှင် နန်းတော်ရှေ့ဆရာတင် (ကိုယ်စား) မြေးဖြစ်သူ ဦးနန်းဝင်းအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သိပ္ပကျော်စွာဘွဲ့ရရှိသူ ဗိုလ်မှူးချုပ် မြသိန်းဟန် (အငြိမ်းစား)အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

**“ ယနေ့ ကျင်းပပြုလုပ်သည့်အခမ်းအနားတွင် စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များဖြစ်ကြသည့် သီရိပျံချီဘွဲ့ရရှိသူ ၁၆၈ ဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ၁၅၃ ဦး၊ အလင်္ကာကျော်စွာဘွဲ့ရရှိသူ ၁၈ ဦးနှင့် သိပ္ပကျော်စွာဘွဲ့ရရှိသူ ငါးဦးတို့ကို တစ်ဦးချင်း လက်ရောက်ချီးမြှင့်အပ်နှင်း”**

*စာမျက်နှာ ၄ မှ*

ထူးခြားကောင်းမွန်စွာ တတ်မြောက်သူပုဂ္ဂိုလ်များ၊ နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့တွင် မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ကြိုးပမ်းထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များကို ပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများ၊ ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသူများနှင့် ၎င်းတို့၏ မိသားစုဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပြည်ထဲရေးဝန်ကြီးဌာနမှဝန်ထမ်းများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် တိုင်းရင်းသား လူငယ်မောင်မယ်များ၊ ကျောင်းသား ကျောင်းသူများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအိမ်တော် ဂုဏ်ပြုခန်းမဆောင်အား ပုံစံဒီဇိုင်းရေးဆွဲပေးခဲ့သည့် ဗိသုကာပညာရှင်တို့ကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

ယနေ့ ကျင်းပပြုလုပ်သည့် အခမ်းအနားတွင် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များဖြစ်ကြသည့် သီရိပျံချီဘွဲ့ရရှိသူ ၁၆၈ ဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ၁၅၃ ဦး၊ အလင်္ကာကျော်စွာဘွဲ့ရရှိသူ ၁၈ ဦးနှင့် သိပ္ပကျော်စွာဘွဲ့ရရှိသူ ငါးဦးတို့ကို တစ်ဦးချင်း လက်ရောက်ချီးမြှင့် အပ်နှင်းခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သိပ္ပကျော်စွာဘွဲ့ရရှိသူ တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခ ဒေါက်တာ ပိုင်စိုးအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

❖ *ကျောဖုံးမှ*

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် ညှော်ခံကြိုဆိုနေရာ ချထားရေး၊ ဂုဏ်ပြုညစာတည်ခင်းဧည့်ခံရေး၊ ဂုဏ်ပြုယာဉ်များ ဆုချီးမြှင့်မည့်အစီအစဉ်၊ လေထီးအလွတ်ခုန် အရာရှိ၊ စစ်သည်၊ စစ်သမီးများအား ဂုဏ်ပြုဆုပေးအပ်မည့်အစီအစဉ်၊ အလှပြ Drone များလွှတ်တင်ဖျော်ဖြေမည့် အစီအစဉ်၊ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်း၊ ပဒေသာကပွဲနှင့် ဖျော်ဖြေရေးအစီအစဉ်များ ပြင်ဆင်ဆောင်ရွက်ထားရှိမှုအပါအဝင် အစီအစဉ်များအလိုက် ဆောင်ရွက်သွားမည့် အစီအမံများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

### ညှိနှိုင်းဆောင်ရွက်

ထိုသို့ လေ့ကျင့်ဆောင်ရွက်နေမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဆပ်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါကြည့်ရှုကြပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနများအလိုက် အထိမ်းအမှတ်ပြခန်းများ၊ ဒေသထွက် ရိုးရာအစားအသောက်နှင့် အထိမ်းအမှတ်ပစ္စည်းအရောင်းဆိုင်များ ဇန်နဝါရီ ၄ ရက်နေ့တွင် ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပြခန်းများ ကြိုတင်ပြင်ဆင်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။




(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် တစ်ကျပ်သားရွှေဒင်္ဂါးပုံစံ၏ ကျောဘက်မျက်နှာ။

❍ *ကျောဖုံးမှ*

ဆင်ဖြူတော်၏အောက်ခြေတွင် **"၁ ကျပ်သား ၂၀၂၃"** ဟု လည်းကောင်း၊ ရွှေဒင်္ဂါး၏အနားပတ်လည်တွင် **"မြန်မာနိုင်ငံတော်ဗဟိုဘဏ်"** **"၇၅ နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့"** ဟု လည်းကောင်း ဖော်ပြထားပါသည်။ ရွှေဒင်္ဂါး၏ ကျောဘက်မျက်နှာပြင်တွင်လည်း ဆင်ဖြူတော်ပုံပါရှိပြီး အင်္ဂလိပ်ဘာသာဖြင့် ယာဘက်တွင် **" 75th "**၊ ပုံ၏အောက်ဘက်တွင် **"16.329 gm. 2023"** ဟု လည်းကောင်း၊ ရွှေဒင်္ဂါးပြားအနားပတ်လည်တွင် **"Central Bank of Myanmar"** **"75th Diamond Jubilee Independence Day"** ဟု လည်းကောင်း ဖော်ပြထားသည်။

အသစ်သွန်းလောင်းသည့် ငါးမူးသားရွှေဒင်္ဂါး၏ အချက်အလက်များမှာ အချင်း ၂၂ ဒသမ ဝ မီလီမီတာ၊ အထူမှာ ၁ ဒသမ ၅ မီလီမီတာရှိ၍ ဒင်္ဂါး၏ ရှေ့မျက်နှာပြင်အလယ်ဗဟိုတွင် ဆင်ဖြူတော်ပုံပါရှိပြီး ပုံ၏ယာဘက်တွင် **"၇၅ နှစ်မြောက်"** ဟု ဖော်ပြပါရှိသည်။ ဆင်ဖြူတော်၏အောက်ခြေတွင် **"၅ မူးသား ၂၀၂၃"** ဟု လည်းကောင်း၊ ရွှေဒင်္ဂါး၏ အနားပတ်လည်တွင် **"မြန်မာနိုင်ငံတော်ဗဟိုဘဏ်" "၇၅ နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့"** ဟု လည်းကောင်းဖော်ပြထားသည်။ ရွှေဒင်္ဂါး၏ ကျောဘက်မျက်နှာပြင်တွင်လည်း ဆင်ဖြူတော်ပုံပါရှိပြီး အင်္ဂလိပ်ဘာသာဖြင့် ယာဘက်တွင် **" 75th "**၊ ပုံ၏ အောက်ဘက်တွင် **"8.164 gm. 2023"** ဟု လည်းကောင်း၊ ရွှေဒင်္ဂါးပြားအနားပတ်လည်တွင် **"Central Bank of Myanmar" "75th Diamond Jubilee Independence Day"** ဟု လည်းကောင်း ဖော်ပြထားသည်။

တစ်ကျပ်သားနှင့် ငါးမူးသားရွှေဒင်္ဂါးများ ဝယ်ယူသည့်အခါ ရွှေဒင်္ဂါးပြားနှင့်အတူ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် သွန်းလောင်းသည့် ဌာနအကြီးအကဲတို့၏ မှန်ကန်ကြောင်း ထောက်ခံချက်များ တစ်ပေါင်းတည်းပါရှိမည် ဖြစ်သည်။

တစ်ကျပ်သားနှင့် ငါးမူးသားရွှေဒင်္ဂါးများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ အရောင်းဆိုင်များ(နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး)တွင် ဇန်နဝါရီလ ၅ ရက်နေ့မှစ၍ ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ငါးမူးသားရွှေဒင်္ဂါးပုံစံ၏ ရှေ့မျက်နှာ။




(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ငါးမူးသားရွှေဒင်္ဂါးပုံစံ၏ ကျောဘက်မျက်နှာ။

**အမှန်တကယ်ကြည့်မည့် အချိန်၌သာ တီဗွီကိုဖွင့်ပါ။ ကြည့်သူမရှိဘဲ အချိန်ပြည့်ဖွင့်ထားခြင်းကို ရှောင်ကြဉ်ပါ**

# ရှမ်းပြည်နယ် တောင်ကြီးမြို့၌ စီမံထူးချွန်ဆု ပေးအပ်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချီးမြှင့်သည့် စီမံထူးချွန် (ဒုတိယအဆင့်)နှင့် ရဲကျော်သူ တံဆိပ်ချီးမြှင့် တပ်ဆင်ခြင်းအခမ်းအနားကို ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်း တက်ရောက်ချီးမြှင့်ပေးအပ်ခဲ့ပြီး စီမံထူးချွန်တံဆိပ် (ဒုတိယအဆင့်) ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် တင်ကိုကိုနှင့် ရဲကျော်သူတံဆိပ်ကို ပြည်နယ်ရဲတပ်ဖွဲ့မှ ဒုရဲမှူး ရာဇာမြင့်မြိမ်းတို့က လက်ခံရယူသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



✪ *ရှေ့ဖုံးမှ*

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV– HD Channel ၊ MRTV–News Channel၊ MRTV Parliament Channel၊ MITV Channel ၊ MWD HD Channel၊ MWD Variety HD Channel၊ Reader's Channel၊ Sky Net Up to Date၊ Sky Net တိုင်းရင်းသား Channel ၊ MRTV Website ၊ မြန်မာ့အသံရေဒီယို၊ ပတ္တမြား FM၊ ချယ်ရီ FM၊ FM ပုဂံ၊ မန္တလေး FM၊ ပဒ္မဝတီ FM၊ ရွှေ FM နှင့် Star FM တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

"အတိတ်သမိုင်းမှ တွေ့ကြုံခဲ့ရသည့် ဖြစ်စဉ်များအပေါ် လက်တွေ့ကျသော အမြင်များထားရှိပြီး နားလည်မှု၊ ယုံကြည်မှုကိုယ်စီဖြင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို ထုဆစ်ပုံဖော်သွားကြရမည်မှာ ကျွန်ုပ်တို့အားလုံး၏ သမိုင်းပေးတာဝန်ပင်ဖြစ်ပါသည်။"

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၁၂-၂-၂၀၂၁ ရက်နေ့တွင် (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)**



ပုဂံရှုခင်းအလှ ဓာတ်ပုံ - ဦးနေလင်း(ပြန်/ဆက်)

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာနတွင် ပျော်ပွဲရွှင်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပျော်ပွဲရွှင်ပွဲ အခမ်းအနားများဖြစ်သည့် ကံစမ်းမဲဖောက်ခြင်း၊ နိဗ္ဗာန်ဈေး (စတုဒိသာ) ကျွေးမွေးဧည့်ခံခြင်းနှင့် တေးသီချင်းသီဆိုပြိုင်ပွဲတို့ကို ယနေ့ညနေပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန၌ စည်ကား သိုက်မြိုက်စွာ ကျင်းပသည်။ **(ယာပုံ)**







အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဇနီး၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဗိုလ်ချုပ် ခွန်သန့်ဇော်ထူး နှင့် ဇနီး၊ ဗိုလ်ချုပ် ဖြိုးသန့်နှင့် ဇနီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဌာနအကြီးအကဲများ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်း၊ ဝန်ထမ်းမိသားစုများ ပျော်ရွှင်စွာ တက်ရောက်ပါဝင်ဆင်နွှဲကြသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဝန်ထမ်းများ ကံစမ်းမဲဖောက်နေမှုကို ကြည့်ရှုအားပေးကြပြီး ကံစမ်းမဲပေါက်ကြသည့် ဝန်ထမ်းများအား ဆုမဲပစ္စည်းများကို လက်ဝယ်အရောက်ပေးအပ်ခဲ့သည်။ ယင်းနောက် ဝန်ထမ်းမိသားစုများ၏ နိဗ္ဗာန်ဈေး (စတုဒိသာ) ပွဲတော်၌ အမယ်စုံလင်စွာ ကျွေးမွေး ဧည့်ခံနေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး ဝန်ထမ်းများနှင့် အတူတကွ သုံးဆောင်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ယနေ့ပျော်ပွဲရွှင်ပွဲများ ကျင်းပပေးရခြင်းမှာ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့်လည်းကောင်း၊ နိုင်ငံ့တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအနေဖြင့် အပန်းပြေပျော်ရွှင်စေရန်နှင့် နှစ်သစ်တွင် စိတ်ခွန်အားသစ်များ ရရှိနိုင်စေရန် အတွက်လည်းကောင်း ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပျော်ပျော်ရွှင်ရွှင် ပါဝင် ဆင်နွှဲကြသည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း၊ နှစ်သစ်အခါသမယမှစ၍ မိမိတို့အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ကျရာအခန်းကဏ္ဍအသီးသီးမှ ညီညွတ်စွာဖြင့် ဝိုင်းဝန်းလက်တွဲ၍ ဆက်လက် အောင်မြင်အောင် ဆောင်ရွက်ကြစေ လိုကြောင်း ပြောကြားသည်။

ထို့နောက် ဝန်ထမ်းမိသားစုများ၏ ပျော်ရွှင်စွာ တေးသီချင်း သီဆိုပြိုင်ပွဲဝင်နေမှုကို ကြည့်ရှုအားပေးပြီး ဆုရရှိသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## စိန်ရတုလွတ်လပ်ရေးနေ့အကြို နိုင်ငံတော်အလံများ မူဆယ်မြို့အနှံ့လွှင့်ထူ

**မူဆယ် ဇန်နဝါရီ ၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့သည် တရုတ်ကုန်သွယ်ရေး နယ်စပ်မြို့ဖြစ်ပြီး ၂၀၂၃ ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုသောအားဖြင့် မူဆယ်မြို့အဝင်မှစ၍ တစ်ဖက်နိုင်ငံမျက်နှာစာအဖြစ် မန်ဝိန်းဂိတ်အကျော်အထိ နိုင်ငံတော်အလံများကို ပြည်ထောင်စုလမ်းမကြီး၏ လမ်းဘေးဝဲ/ယာ တစ်လျှောက်နှင့် မြို့တွင်းလမ်းဘေးအနှံ့ စီတန်း၍ စိုက်ထူထားလျက်ရှိကြောင်း သိရသည်။

အဆိုပါ နိုင်ငံတော်အလံများ စိုက်ထူခြင်းကို မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ ဝန်ထမ်းများက ၂၀၂၂ ဒီဇင်ဘာ ၂၃ ရက်မှစတင်၍ စိုက်ထူထားခြင်းဖြစ်ပြီး ပြည်ထောင်စုအမွေအနှစ်များ ရေရှည် တည်တံ့စေရေးအတွက် လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်နိုင်ရန်၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု တောင့်တင်းခိုင်မာသည့် နိုင်ငံတော်သစ်တစ်ရပ်အဖြစ် လွတ်လပ်ရေးနေ့ကို အစဉ်အောက်မေ့သတိတရရှိစေရေးတို့အတွက် တိုက်တွန်းနှိုးဆော်ခြင်းဖြစ်ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**



## စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်းသစ်ဖွင့်

**ပေါင်းတည် ဇန်နဝါရီ ၂**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်တွင် (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် မင်းကွက် (၁) ရပ်ကွက် အရှေ့လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။





အခမ်းအနားသို့ နတ်တလင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ကိုယ်စား ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းနိုင်နှင့်အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ထက်မျိုးအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသန့်နှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။

ဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်ကိုမင်းက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မြို့နယ်စည်ပင်သာရေးအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်သော အရှေ့လမ်း (အပိုင်း-၂) ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းအခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁)၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့အမှုဆောင်အရာရှိ ဦးကျော်စွာလင်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အဆိုပါ ကွန်ကရစ်လမ်းသည် အရှည် ၁၄၈၇ ပေ၊ အကျယ်ပေ ၂၀၊ ထု ရှစ်လက်မရှိပြီး တန်ဖိုးငွေကျပ် ၁၁၃ ဒသမ ၈ သန်း အကုန်အကျခံ၍ TITANS Engineering Group Co.Ltd မှ တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သူရကြီး (ပြန်/ဆက်)**

# ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်အဆိုအပေါ် ကန့်ကွက်ရှုတ်ချကြောင်း ဆန္ဒထုတ်ဖော်

**နေပြည်တော် ဇန်နဝါရီ ၂**

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ဒီဇင်ဘာ ၂၁ ရက်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေး၌ မြန်မာနိုင်ငံဆိုင်ရာ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အဆို တစ်ရပ်ကို မဲခွဲချမှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်အဆိုနှင့် ပတ်သက်၍ ကန့်ကွက်ရှုတ်ချ ဆန္ဒထုတ်ဖော်ပွဲကို ယနေ့ နံနက်ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ဘိုကုန်းရပ်ကွက် သံလွင်ဥယျာဉ်ပန်းခြံ၌ ဒေသခံပြည်သူများ စုပေါင်း၍ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ တစ်ဖက်သတ်ဆုံးဖြတ်ချက်များအား ဆန့်ကျင်ကြ၊ မြန်မာ့အရေးကို မြန်မာနိုင်ငံကသာ ဖြေရှင်းရေး ဒို့အရေး၊ အကြမ်းဖက်အားပေး ပြည်ပနိုင်ငံများ အလိုမရှိ၊ အကြမ်းဖက် NUG၊ CRPH၊ PDF အလိုမရှိ၊ မပြစ်မဲ့ပြည်သူများကို အကြမ်းဖက်သတ်ဖြတ်နေမှုအား ချက်ချင်းရပ်၊ ရဟန်းသံဃာနှင့် နိုင်ငံ့ဝန်ထမ်းများအား အကြမ်းဖက် သတ်ဖြတ်နေမှုများ ချက်ချင်းရပ် စသည့် ကြွေးကြော်သံများဖြင့်ကြွေးကြော်၍ ပိုစတာများ၊ ဆိုင်းဘုတ်များ ကိုင်ဆောင်ကာ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ရေချိုးတာရေး နည်းလမ်းများ

- ❄ အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
- ❄ အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။
- ❄ ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

# မော်လမြိုင်မြို့၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အကြိုအထိမ်းအမှတ် ဝန်ကြီးဌာနဆိုင်ရာ ပြခန်းများနှင့် အသေးစား၊ အငယ်စား၊ အလတ်စား ထုတ်ကုန်အရောင်းပြခန်း ဖွင့်လှစ်

**မော်လမြိုင် ဇန်နဝါရီ ၂**

မွန်ပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူးဖွင့်လှစ်သော (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အကြို အထိမ်းအမှတ် ဝန်ကြီးဌာနဆိုင်ရာ ပြခန်းများနှင့် အသေးစား၊ အငယ်စား၊ အလတ်စား ထုတ်ကုန် အရောင်းပြခန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းက မြစ်ကမ်းသာ အားကစားကွင်း၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်သည်။

ရှေးဦးစွာ မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်က မွန်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မွန်ပြည်နယ်ဝန်ကြီးချုပ် အပါအဝင် အဖွဲ့ဝင် ၂၇ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ကုန်ပစ္စည်းမရှိဘဲ ရောင်းဝယ်မှုမပြုလုပ်နိုင်ကြောင်း၊ ထုတ်လုပ်မှုနှင့် ရောင်းဝယ်မှုတို့ရှိမှသာလျှင် ဝန်ဆောင်မှုလုပ်ငန်းများ ဖြစ်လာနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ထုတ်လုပ်မှုလုပ်ငန်းကိုအခြေခံသည့် MSME များကို အခြေခံဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအား အရင်းအမြစ်နှင့် စွမ်းဆောင်ရည်မြှင့်တင်မှုဆိုင်ရာ သင်တန်း/ဆွေးနွေးပွဲများ ဖွင့်လှစ်နိုင်ရေး၊ မွန်ပြည်နယ်အတွင်း ဒေသတစ်ခု ထုတ်ကုန်တစ်ခု အစီအစဉ်ဖြစ်မြောက်ရေး၊ MSME အထောက်အကူပြု လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး၊ စပါးစိုက်ပျိုးရေးအတွက် မြစ်ရေတင်စီမံကိန်းအား အကောင်အထည်ဖော်နိုင်ရေး လုပ်ငန်းများကို စဉ်ဆက်မပြတ်လုပ်ဆောင်လျက်ရှိပါကြောင်း၊ ထုတ်ကုန်ပြပွဲပြိုင်ပွဲများ ကျင်းပပြုလုပ်ရာတွင် ကဏ္ဍအသီးသီး၊ ဒေသအသီးသီးမှ ထုတ်ကုန်များ ပါဝင်လာနိုင်စေရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အလတ်စားစက်မှုလက်မှုလုပ်ငန်းများ ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်း။



ယနေ့နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေနိုင်သည့် အသေးစား၊ အငယ်စား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းများ ပေါ်ထွန်းနိုင်စေရန် အသက်မွေးဝမ်းကျောင်းပညာများ လေ့ကျင့်သင်ကြားပေးခြင်း၊ အားပေးကူညီခြင်းနှင့် စနစ်တကျ မှတ်ပုံတင်ခွင့်ပြုပေးခြင်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အကြို ဝန်ကြီးဌာနဆိုင်ရာပြခန်းများနှင့် အသေးစား၊အငယ်စား၊အလတ်စားထုတ်ကုန်အရောင်းပြခန်းများအား မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်၊ စီးပွားရေးရာဝန်ကြီး နိုင်လယိတမ၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးခင်မောင်ဦး၊ ပြည်နယ်ဥပဒေချုပ် ဦးမြင့်အောင်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတိုးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး (ဝဲပုံ) ပြခန်းများအား လှည့်လည်ကြည့်ရှုသည်။ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အကြို ဝန်ကြီးဌာနဆိုင်ရာ ပြခန်းပေါင်း ၂၂ ခန်းနှင့် အသေးစား၊ အငယ်စား၊ အလတ်စား ထုတ်ကုန် အရောင်း ပြခန်းပေါင်း ၁၄ ခန်း စုစုပေါင်း ၃၆ ခန်းနှင့် တေးဂီတဖျော်ဖြေပွဲများကို ဇန်နဝါရီ ၂ရက်မှ ၄ရက်အထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

# ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချ

**နေပြည်တော် ဇန်နဝါရီ ၂**

ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေး၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားသောက်ရေး အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ မြို့နယ်အသီးသီး၌ နယ်မြေခံတပ်မတော်သားများက တန်ဖိုးသင့်ထမင်းဟင်းများ၊ ဟင်းသီးဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ် အသား၊ ငါးဘူးများနှင့် စားသောက်ကုန်ပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ မြို့နယ်သုံးမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နှင့် နမ့်စန်မြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နှင့် ကျောက်ထနောင်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် အမ်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၃ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်နှင့် စဉ့်ကူးမြို့၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့၌ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကစ်နှင့် စည်သွတ်ဘူးများ စသည့်စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှု အခြေအနေ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှု စောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ်နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ မြို့ကြီး ၄၁ မြို့ရှိ မိုးလေဝသနှင့် ဇလဗေဒ စခန်း ၄၁ ခု (ပုံ–၁)တွင် ရွာသွန်းသောမိုးရေများကိုစုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေကို သိရှိရန် မိုးရေ၏ pH တန်ဖိုးများ တိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။

မိုးရေများ၏ pH တန်ဖိုးများကို တိုင်းတာသည့်စခန်း ၄၁ ခုအနက် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလအတွင်း မြစ်ကြီးနား၊ ပူတာအို၊ ဗန်းမော်၊ ကျိုင်းတုံ၊ ကသာ၊ ရန်ကုန်(ကမ္ဘာအေး)၊ လွိုင်ကော်၊ စစ်တွေ၊ သံတွဲ၊ ပြည်၊ ပဲခူး၊ ပုသိမ်၊ မအူပင်၊ မော်လမြိုင်၊ ရေး၊ ဘားအံ၊ ကော့ကရိတ်၊ မြိတ်နှင့် ကော့သောင်းစခန်းတို့တွင် မိုးရွာသွန်းခဲ့ပါသည်။ မိုးရေနမူနာ ရရှိခဲ့သည့် အထက်ဖော်ပြပါစခန်း ၁၉ စခန်းအနက် ၁၅ စခန်းတို့တွင် ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး (6.5 – 8.5) အတွင်းတွင်ရှိပြီး ဗန်းမော်၊ ကော့ကရိတ်၊ မြိတ်နှင့် ကော့သောင်းစခန်းများတွင် ရွာသွန်းခဲ့သောမိုးရေ၏ pH တန်ဖိုးများသည် ပုံမှန်မိုးရေ (Normal Rain) ဟု သတ်မှတ်ထားသည့် pH တန်ဖိုး (5.6 – 6.4) အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။ မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ် ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း မိုးရေနမူနာ တိုင်းတာရရှိခဲ့သည့် စခန်း(၁၉) ခု၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိကြောင်း သုံးသပ်ရပါသည်။ (ပုံ–၂)




ပုံ(၁)

**၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ**

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မြစ်ကြီးနား | ၆.၆ |
| ၂ | ပူတာအို | ၆.၇ |
| ၃ | ဗန်းမော် | ၆.၃ |
| ၄ | ကျိုင်းတုံ | ၆.၆ |
| ၅ | ကသာ | ၆.၅ |
| ၆ | ရန်ကုန်(ကမ္ဘာအေး) | ၆.၅ |
| ၇ | လွိုင်ကော် | ၆.၈ |
| ၈ | စစ်တွေ | ၇.၀ |
| ၉ | သံတွဲ | ၇.၁ |
| ၁၀ | ပြည် | ၆.၉ |
| ၁၁ | ပဲခူး | ၆.၅ |
| ၁၂ | ပုသိမ် | ၇.၀ |
| ၁၃ | မအူပင် | ၆.၇ |
| ၁၄ | မော်လမြိုင် | ၆.၇ |
| ၁၅ | ရေး | ၇.၂ |
| ၁၆ | ဘားအံ | ၆.၇ |
| ၁၇ | ကော့ကရိတ် | ၆.၃ |
| ၁၈ | မြိတ် | ၆.၂ |
| ၁၉ | ကော့သောင်း | ၆.၃ |

ပုံ (၂)၊ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများပြပုံ




## (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အကြို အားကစားပြိုင်ပွဲများ သမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း (မော်လမြိုင်)၌ကျင်းပ

**မော်လမြိုင် ဇန်နဝါရီ ၂**

မွန်ပြည်နယ်သမဝါယမဦးစီးဌာန သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာ သင်တန်းကျောင်း (မော်လမြိုင်)နှင့် မော်လမြိုင်မြို့နယ်သမဝါယမဦးစီးဌာနတို့ ပူးပေါင်းကျင်းပ သော (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အကြို အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၁ ရက်က သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း (မော်လမြိုင်)၌ ကျင်းပရာ အဆိုပါပြိုင်ပွဲများတွင် ဝန်ထမ်းများ၊ ကျောင်းသား/သူများ ပါဝင်ကစားကြပြီး စိန်ရတုလွတ်လပ်ရေးနေ့တွင်လည်း ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားတို့ကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကသာမြို့၌ အခြေခံစားသောက်ကုန်များ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေး

**ကသာ ဇန်နဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်၌ ဒေသခံပြည်သူများအနေဖြင့် နေ့စဉ်လူမှုဘဝ စားသောက်ရေးတွင် အထောက်အကူဖြစ်စေရန်နှင့် အခြေခံစားသောက်ကုန်များကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူနိုင်ရေးအတွက် ရည်ရွယ်ကာ ခရိုင်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် အခြေခံစားသောက်ကုန်များကို ဒီဇင်ဘာ ၃၀ ရက်က ဗိုလ်ချုပ်လမ်းမကြီးပေါ်ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးရုံးရှေ့တွင် ရောင်းချပေးသည်။ **(ယာပုံ)**

ထိုသို့ရောင်းချရာတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ လိုက်နာမှုရှိစေရန်နှင့် ဒေသခံပြည်သူများ အဆင်ပြေလွယ်ကူစွာ ဝယ်ယူစားသုံးနိုင်ရေးတို့အတွက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းကျော်ကျော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထက်ဝင်းနှင့် အဖွဲ့ဝင်များ၏ ဦးဆောင်မှုဖြင့် ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ လုံခြုံရေး တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဒေသခံပြည်သူများအား ဆန်၊ ကြက်ဥ၊ ခရမ်းချဉ်သီးတို့ကို ရောင်းချပေးကြောင်း သိရသည်။ **လူအောင်(ကသာ)**




## အသက်မပြည့်သေးသည့် အမျိုးသားတစ်ဦးအား အဓမ္မလုပ်အားခိုင်းစေ၍ ညှဉ်းပန်းနှိပ်စက်သူကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇန်နဝါရီ ၂**

အသက်မပြည့်သေးသည့် အမျိုးသားတစ်ဦးအား အဓမ္မလုပ်အားခိုင်းစေ၍ ညှဉ်းပန်းနှိပ်စက်သူကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ကွန်ဒိုင်းကျေးရွာနေ ရေလုပ်ငန်းရှင် ဦးမောင်မောင်ကြည်က စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နေ မောင် – – –၊ ၁၄ နှစ်ကို ငါးဖမ်းစက်လှေပေါ်၌ အဓမ္မလုပ်အားခိုင်းစေခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းများ ပြုလုပ်ခဲ့သဖြင့် ကျုံကဒွန်းနယ်မြေရဲစခန်း၊ (ပ) ၁၃၁/ ၂၀၁၉၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ဖျာပုံခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဒီဇင်ဘာ ၃၁ ရက်တွင် တရားခံ ဦးမောင်မောင်ကြည်ကို လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# စိန်ရတုမှသည် ကမ္ဘာတည်သရွေ့ လွတ်လပ်ရေးနေ့ပေါင်းများစွာဆီသို့ . . . .

ဒေါက်တာမောင်သင်း

မြန်မာတွေ ကျွန်ဘဝမှ လွတ်ကင်းပြီး သခင်ဘဝကို ပြန်လည်ရောက်ရှိခဲ့ကြသည်မှာ စိန်ရတု ခရီးပင် ရှိခဲ့ပါပြီ။ လွတ်လပ်ရေးရယူစဉ်တုန်းက ကြိုးပမ်းခဲ့ကြသူတိုင်းတွင် တစ်စိတ်တည်း၊ တစ်ဆန္ဒတည်းဖြင့် လွတ်လပ်ရေးကို အရယူမည်ဟု သန္နိဋ္ဌာန်ချခဲ့ကြပေသည်။ မျိုးဆက်သာ ပြောင်းခဲ့သည်။ ထိုပြင်းပြသည့် မွန်မြတ်စိတ်ထားသည် မပြောင်းလဲခဲ့ပေ။

အစောဆုံး မျိုးချစ်သူရဲကောင်းများ ဖြစ်ကြသည့် ဝန်းသိုစော်ဘွားကြီး၊ ဗိုလ်ကြွန့်ဘိစ်၊ ဗိုလ်ချိုနှင့် ဗိုလ်လရောင်စသည်တို့မှသည် ဦးဥတ္တမ၊ ဦးဝိစာရ၊ ဆရာစံ၊ ဗိုလ်အောင်ကျော်၊ သခင်ဘိုးလှကြီးတို့အလယ်၊ သခင်ကိုယ်တော်မှိုင်း၊ သခင်ဘသောင်း၊ သခင်ဗဟိန်း၊ ဗိုလ်တေဇ (သခင်အောင်ဆန်း) နှင့် ရဲဘော်သုံးကျိပ်၊ ဦးနုတို့အထိ **“လွတ်လပ်ရေးသာ ပထမ၊ လွတ်လပ်ရေးသာ အဓိက”** ဟူသည့် ဆန္ဒာဓိပတိဖြင့် ကြိုးပမ်းခဲ့ကြသည်။ အသက်သွေး ချွေးစတေးခဲ့ကြသည်။ ထိုဆန္ဒဦးစီးပြီး ရအောင်ယူခဲ့ကြ၍သာ ယနေ့အသက် (၇၅) နှစ်တန်းရှိ မြန်မာများ မွေးကတည်းက ကျွန်ဘဝကင်းကာ သခင်ဘဝရခဲ့ကြသည်။ သူတို့မိဘ၊ ဘိုးဘွားများက ကျွန်ဖြစ်ခဲ့သည့်အတွက် ကျွန်ဘဝ၏ ခါးသီးလှသည့် ဘဝများစွာကို သူတို့၏ သားစဉ်မြေးဆက် လုံးဝမခံစားစေချင်သော မွန်မြတ်စိတ်ထားမှ ပေါက်ဖွားလာသည့် “နောက်မျိုးဆက်များ သခင်ဘဝရပ်တည်ရေး” ဟူသော ပြင်းပြသည့်ဆန္ဒ၏ အသီးအပွင့်များပါ။ ထိုအသီးအပွင့်သည် စိန်ရတု သက်တမ်းရှိခဲ့ပါပြီ။

ပြင်းပြသည့် ဆန္ဒကို အကောင်အထည်ဖော်ရာတွင်လည်း စည်းလုံးညီညွတ်မှု၏ တန်ဖိုးကို သိခဲ့၊ အသုံးချခဲ့ကြပါသည်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ရခြင်း၏ အကြောင်းရင်းခံကလည်း “နန်းတွင်းမှာ မင်းညီမင်းသားများ မညီညွတ်ခြင်းကြောင့် ဖြစ်ခဲ့ရကြောင်း” သတိပြုမိခဲ့ကြသည်။ နွားကွဲ၍ကျားကိုက်ခံရသည့် အဖြစ်ဆိုးကို သင်ခန်းစာယူခဲ့ကြသည်။ ကြိုးပမ်းစဉ်က အရင်းရှင်ဆိုရှယ်လစ်၊ ကွန်မြူနစ်ဝါဒဟူသည့် ဝါဒအသွေးအရောင်တို့ကို လွတ်လပ်ရေးဟူသည့် သခင်သွေး အရောင်အောက်မှာ ညီညွတ်ခဲ့၊ စည်းလုံးခဲ့ကြသည်။

ကျောင်းသား၊ လူငယ်၊ ရဟန်းရှင်လူ၊ လယ်သမား၊ အလုပ်သမားနှင့် ဝန်ထမ်းအားလုံး၏ စည်းလုံးမှု မြန်မာ့အားကို အထွေထွေသပိတ်ကြီး (General Strike) ဖြင့် သမိုင်းမှတ်တိုင်ထူခဲ့ကြသည်။ ရှေးပဝေသဏီကပင် ဤမြေမှာ ဤရေသောက်ပြီး ဥမကွဲ သိုက်မပျက် နေထိုင်ကြီးပြင်းလာခဲ့ကြသည့် ရှမ်း၊ ချင်း၊ ကရင်၊ မွန်၊ ရခိုင်၊ ကချင်၊ ကယား၊ ဗမာမှသည် မြန်မာဟူသည့် တစ်အူထုံ့ဆင်း မောင်ရင်းနှမသားချင်းစိတ်ထားဖြင့် ချစ်ကြည်ရင်းနှီးမှု ခိုင်မြဲခဲ့သည်။ ပင်လုံကတိစာချုပ်ဖြင့် ဗြိတိသျှတို့အား တုန်လှုပ်စေအောင် သက်သေပြခဲ့ကြသည်။ မျိုးစုံသွေးခွဲမှုကို တွန်းလှန်ခဲ့ကြသည်။ နောက်ဆုံးတွင် ဘက်ပေါင်းစုံစည်းလုံးမှု စွမ်းအားက လွတ်လပ်ရေးကို နောက်မျိုးဆက်များအတွက် ရယူပေးခဲ့ကြသည်။

**နိုင်ငံသားတိုင်း၏ မွေးရာပါ သမိုင်းပေးတာဝန်**

သူ့ကျွန်အဖြစ် မွေးဖွားလာခဲ့ကြသည့် မိမိတို့၏ ဘိုးဘွားများက သူ့ကျွန်ဘဝနှင့် ဆိုင်သည့်သမိုင်းပေးတာဝန်ကို ပခုံးပေါ်ထမ်းရင်း မွေးဖွားလာခဲ့ကြပါသည်။ ယင်းမှာ **“သူ့ကျွန်ဘဝတွင် ပျော်မွေ့မနေရန်နှင့် သူ့ကျွန်ဘဝက လွတ်မြောက်ရေးကို ကြိုးပမ်းနေကြရန်”** ပင် ဖြစ်ပါသည်။ နိုင်ငံသားတစ်ဦးချင်းစီ၏ မွေးရာပါတာဝန်ပါ။ မိမိတို့ ဘိုးဘွားများ သမိုင်းက သူတို့ပခုံးပေါ်ကို တင်ပေးလိုက်သည့် သမိုင်းပေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြ၍သာ ၁၈၂၄ ခုနှစ်မှ ၁၉၄၈ ခုနှစ် နှစ်ဆန်းအထိ နှစ်တစ်ရာကျော် ထီးသုဉ်း၊ နန်းသုဉ်းတစ်ပါး သူ့ကျွန်ဘဝမှ မြန်မာတွေ လွတ်မြောက်ခဲ့ကြသည်။ အလကားတော့မဟုတ်ပေ။ အသက်သွေး၊ ချွေးပေါင်းမြောက်မြားစွာဖြင့် အလဲအထပ် လုပ်ခဲ့ရသည်။ မြင့်မြတ်သည့် သခင်ဘဝကို ကျွန်တော်တို့ခံစား၊ စံစားခဲ့ရတာ (၇၅) နှစ်တင်းတင်း ပြည့်ခဲ့ပါပြီ။ စိန်ရတုကို အလွယ်တကူ ရောက်ခဲ့သည်တော့ မဟုတ်ပါ။ သခင်ဘဝတွင် သခင်စိတ်ဖြင့် မွေးဖွားလာသည့် မြန်မာများ သူတို့ခေတ်၊ သူတို့ မွေးရာပါ သမိုင်းပေးတာဝန်ဖြစ်သည့် လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရန် တာဝန်ကို ကျေပွန်ခဲ့သည်။



၁၉၄၈ ခုနှစ်က ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့၌ လွတ်လပ်ရေးနေ့အခမ်းအနား ကျင်းပခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

**“အမျိုးစစ်၊ အမျိုးမှန် ပီသရုံနှင့်လည်း မပြီးသေးပါ။ ဘိုးဘွားမိဘတို့၏ “လွတ်လပ်သည့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဆက်လက်တည်တံ့ခိုင်မြဲမှုရှိရေး” ဟူသည့် သန္နိဋ္ဌာန်ကို မိမိတို့ ကိုယ်တိုင်စွဲမြဲ ယုံကြည်စွာလက်ခံကျင့်သုံးရန် လိုအပ်သကဲ့သို့ နောက်မျိုးဆက်များသို့လည်း လက်ဆင့်ကမ်းပေးရန် တာဝန်ကို မဖြစ်မနေကျေပွန်ရန် လိုအပ်ပါသည်။ သို့မှသာ “မြန်မာ့လွတ်လပ်ရေးနေ့များသည် စိန်ရတုမှသည် ကမ္ဘာတည်သရွေ့တည်တံ့နေပေလိမ့်မည်” ဟု ယုံကြည်မိ”**

ထိုသို့ထိန်းသိမ်းရာမှာ ပြည်ထောင်စု မပြိုကွဲရန်အတွက် တိုင်းရင်းသားညီအစ်ကို မောင်နှမချင်း တစ်အူထုံ့ဆင်း စိတ်ထားခိုင်မြဲအောင် ဆက်လက်ကြိုးပမ်းခဲ့ကြ၍သာ လွတ်လပ်သည့် အချုပ်အခြာအာဏာရှိသည့် နိုင်ငံအဖြစ် ဆက်၍ရပ်တည်နိုင်ခဲ့သည်။ လွတ်လပ်ရေးမရမီနှင့် ရပြီးကာလတို့တွင် ခေတ်သစ်ကိုလိုနီ ဝါဒမှိုင်းအစုံတိုက်ပြီးမှ လွတ်လပ်ရေးကို ပေးခဲ့သည့်အတွက် ရောင်စုံလက်နက်ကိုင် အဖွဲ့အစည်းများ ပေါ်ပေါက်ခဲ့သည်။ မွေးကင်းစ လွတ်လပ်ရေးသူငယ်ကို ပျက်စီးအောင် နည်းမျိုးစုံသုံးကာ ဖျက်ခဲ့ကြသည်။ သို့သော်ငြားလည်း ကျွန်ဘဝ၏ ဆိုးမွေကိုဆက်မခံလိုသည့် မိမိတို့၏ မိဘဘိုးဘွားများနှင့် မိမိတို့မျိုးဆက်များက အချုပ်အခြာအာဏာတည်တံ့အောင် ရပြီးသားလွတ်လပ်ရေး မဆုံးရှုံးရလေအောင် “ဘယ်သူ ခွဲခွဲ၊ တို့မကွဲ၊ အမြဲစည်းလုံးမည်” ဟူသည့် တိုင်းရင်းသား မောင်နှမများ လက်တွဲညီညီ ကာကွယ်၊ ထိန်းသိမ်းခဲ့ကြ၍သာ (၇၅) နှစ်တိုင်ခဲ့ခြင်းပါ။ လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလကဲ့သို့ပင် စည်းလုံးညီညွတ်ခဲ့ကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ အသက်သွေး၊ ချွေးတို့ဖြင့် ဆက်လက်ပေးဆပ်၍ ထိန်းသိမ်းခဲ့ကြရပါသည်။

**“ဟန်ပြလွတ်လပ်သည့် ကျွန်အစစ်ဘဝ” မရောက်ရေး**

သမိုင်းကပြခဲ့သည့် သက်သေပါ။ ဗြိတိသျှလက်အောက်မှ လွတ်လပ်ရေး ကြိုးပမ်းရန်အတွက် မြန်မာတို့ ဂျပန်နှင့် အဆက်အသွယ်ရခဲ့သည်။ ဒုတိယကမ္ဘာစစ်မတိုင်မီက ဂျပန်ဝန်ကြီးချုပ် ဂျင်နရယ်တိုဂျို၏ **“အာရှတိုက်သား သာတူညီမျှကောင်းစားရေးဝါဒ”** ကြွေးကြော်သံကို မြန်မာများ၏နားတွင် ပျားသကာသို့ ချိုလှသောအချိန်ပါ။ အင်္ဂလိပ်လက်အောက်က လွတ်မြောက်လို၍ ဂျပန်ကို ဖိတ်ခေါ်ခဲ့သည်။ ကြိုဆိုခဲ့သည်။ မော်လမြိုင်၊ ထားဝယ်၊ မြိတ် စစ်ကြောင်းများဖြင့် ချီတက်ခဲ့သည်။

ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ဖွဲ့စည်းစဉ်က မြန်မာပြည်တွင်းသို့ ချင်းနင်းဝင်ရောက်လျှင် လွတ်လပ်ရေး ကြေညာပေးမည်ဟု လှည့်ဖြားခဲ့သည်။ ရန်ကုန်ကို ၁၉၄၂ ခုနှစ် မတ်လတွင် သိမ်းပိုက်ခဲ့သည်။ မြန်မာကို လွတ်လပ်ရေးပေးအသံပျောက်ခဲ့သည်။ ၁၉၄၃ ခုနှစ် ဩဂုတ်လကျမှသာ လွတ်လပ်ရေးကြေညာပေးခဲ့သည်။ သို့သော် ဂျပန်တို့ မြန်မာပြည်တွင် ရှိနေဆဲ၊ အုပ်စိုးဆဲ၊ ပြည်တော်မပြန်ခဲ့ပါ။ သို့ပါ၍ “ရွှေရည်စိမ်လွတ်လပ်ရေး” ဟု သမိုင်းတွင်ခဲ့သည်။

အာရှတိုက်သား သာတူညီမျှကောင်းစားရေး ဂျပန်ကြွေးကြော်သံ ပျောက်ကွယ်ခဲ့ကာ ဖက်ဆစ်ဝါဒလွှမ်းမိုးရက်စက်ခဲ့သည်။ ဘုရားမှတ်၍ ကိုးကွယ်ခဲ့ရာ ဖွတ်ထွက်မှ တောင်ပို့မှန်း သိခဲ့ရသည်။ မြန်မာ့သမိုင်းတစ်လျှောက် နယ်ချဲ့စနစ်၏ အဆိုးရွားဆုံးကာလမှာ ဂျပန်ခေတ် ဖြစ်ခဲ့သည်။ လွတ်လပ်သည်ဆိုသော်လည်း ကျွန်ဘဝစစ်စစ်၏ အနှိပ်စက်ခံရဆုံးကာလဖြစ်ခဲ့ပေသည်။ မြန်မာတို့ **“ဟန်ပြလွတ်လပ်သည့် ကျွန်စစ်စစ်ဘဝ”** ရောက်ခဲ့ရသည့် ကာလများပါ။ ထို့အတူ တချို့နိုင်ငံများတွင် တိုင်းတစ်ပါးသားတို့ ကျူးကျော်လာရောက် အုပ်စိုးခြင်းမရှိသော်လည်း “ရုပ်ပြဘုရင်” သဘောထားကာ သူတို့ဘက်က အသာစီးစာချုပ်များ ချုပ်ဆိုပြီး ၎င်းတို့စိတ်တိုင်းကျ အဝေးမှထိန်းချုပ်ခံရသည့် နိုင်ငံများလည်း ကမ္ဘာပေါ်မှာ အများကြီးပါ။ ယနေ့ခေတ်သစ်နယ်ချဲ့ဝါဒီများက သူတို့လက်ကိုင်တုတ်ကို နိုင်ငံအကြီးအကဲတင်နိုင်အောင် အဖွဲ့အစည်းမျိုးစုံက နည်းမျိုးစုံဖြင့် ဝိုင်းဝန်းပံ့ပိုးပြီး ကြိုးဆွဲကခိုင်းခဲ့သည့် နိုင်ငံပေါင်းများစွာ ဒုတိယကမ္ဘာစစ် အပြီးမှသည် ယနေ့အထိရှိနေဆဲပါ။

ထိုလက်ကိုင်တုတ်များမှတစ်ဆင့် နိုင်ငံပြိုကွဲအောင် စီမံခဲ့ကြသည်။ အချုပ်အခြာအာဏာ ပျက်ပြားအောင် ဝိုင်းဝန်းကြိုးပမ်းသည်။ မိမိတို့နိုင်ငံသည်လည်း ထိုသဘောမျိုးဖြင့် နိုင်ငံပြိုကွဲအောင်၊ ပျက်စီးအောင်၊ စည်းလုံးမှုပျက်ပြားအောင်၊ အချုပ်အခြာအာဏာ သူတို့ လက်ထဲရောက်အောင် ကြံစည်ကြိုးပမ်းမှုကို မကြာသေးမီကာလတွင် ကြုံခဲ့သည်ဟု မြင်မိပါသည်။ သို့သော်လည်း အမြော်အမြင်ကြီးကြသူ ခေါင်းဆောင်များက **“ဟန်ပြလွတ်လပ်သည့် ကျွန်အစစ်ဘဝမျိုး”** မိမိတို့နိုင်ငံလုံးဝ မရောက်ရန် သတိကြီးကြီးထားလျက် ထိန်းသိမ်းကာကွယ်ခဲ့၍သာ ယနေ့အထိလွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ် ကမ္ဘာ့အလယ် တင့်တယ်စွာ တည်မြဲခဲ့ခြင်းပါ။ နိုင်ငံနှင့်လူမျိုး ဖျက်မည့်ရန်နှင့် အကြံကို ပညာမျက်စိဖြင့် မြင်အောင် ကြည့်တတ်၍ ကာကွယ်ခဲ့သည့် ရလဒ်ပင် ဖြစ်ပေသည်။

သို့ဖြစ်၍ သခင်အဖြစ်မွေးဖွားလာသူ ယနေ့မြန်မာမျိုးဆက်သစ်များအနေဖြင့် မွေးရာပါတာဝန်မှာ “လွတ်လပ်သည့် အချုပ်အခြာအာဏာတည်တံ့သည့်နိုင်ငံ” အဖြစ်

*စာမျက်နှာ ၁၁ သို့*

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်ပြပွဲ ပြိုင်ပွဲဖွင့်လှစ်

**နေပြည်တော် ဇန်နဝါရီ ၂**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်ပြပွဲ ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဗဟန်းမြို့နယ်ရှိ ကန်တော်ကြီး (မြေပဒေသာကျွန်း) ၌ ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(ယာပုံ)** တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကန်တော်ကြီး (မြေပဒေသာကျွန်း) ၌ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်ပြပွဲပြိုင်ပွဲ ခင်းကျင်းပြသထားမှုအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါပြပွဲ၌ ပြိုင်ပွဲအမျိုးအစား ၂၄ မျိုးဖြင့် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဆိုင်ခန်းပေါင်း ၁၈ ခန်းဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြန်မာနိုင်ငံ ပန်းဝါသနာရှင်များအသင်းမှ ပန်းမန်ပြခန်း ၁၅ မျိုး၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် ပြခန်း ကိုးမျိုးတို့ဖြင့် ဇန်နဝါရီ ၈ ရက်နေ့အထိ ခင်းကျင်း ပြသသွားမည်ဖြစ်ပြီး အများပြည်သူများ အနေဖြင့် လာရောက်ကြည့်ရှုဝယ်ယူအားပေးနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





## မဲစာရင်းပြည့်စုံမှန်ကန်စေရေး Cross Check စနစ်ဖြင့် စိစစ်သန့်စင်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကျင်းပ

**ပေါက်တော ဇန်နဝါရီ ၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ရခိုင်ပြည်နယ်တာဝန်ခံ ဒေါ်နုမြဇံနှင့် အဖွဲ့သည်ယနေ့ နံနက်ပိုင်းက ပေါက်တောမြို့ရှိ မြို့နယ်ရွေးကောက်ပွဲ ကောက်မရှင်အဖွဲ့ရုံး ဆောက်လုပ်ရန် မြေနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရခိုင်ပြည်နယ် တာဝန်ခံ ဒေါ်နုမြဇံနှင့် အဖွဲ့သည် ပေါက်တောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် အချိုးကျကိုယ်စားပြုစနစ် (PR System) နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ဒေါ်နုမြဇံက ရခိုင်ပြည်နယ်တွင် မဲစာရင်း ပြည့်စုံမှန်ကန်စေရေး၊ အခြေခံလူဦးရေစာရင်းမှ စာရင်းထပ်နေမှုများအား Cross Check စနစ်ဖြင့် စိစစ်သန့်စင်ခြင်း လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပါပြဋ္ဌာန်းချက်များ၊ ဥပဒေပါမဲစာရင်း ပြုစုခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ စသည်တို့ကို Power Point ဖြင့် ရှင်းလင်းဆွေးနွေးသည်။ **(အပေါ်ပုံ)**

ဆက်လက်ပြီး ကွန်ပျူတာဆော့ဝဲလ် အသုံးပြု၍ နိုင်ငံသားစိစစ်ရေးကတ် ထပ်နေသူများ၊ နိုင်ငံသား စိစစ်ရေးကတ်မရှိသူ၊ မပြည့်စုံသူများ၊ အသက် ၁၈ နှစ်နှင့် အထက်/ အောက်ရှိသူများ၊ မွေးသက္ကရာဇ် မပြည့်စုံသူများ၊ မွေးရက်၊ မွေးလ ထပ်နေသူများ စသည်တို့ကို Cross Check စနစ်ဖြင့်စစ်ဆေးနေမှုကို ကြည့်ရှုအားပေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ မဲစာရင်းပြည့်စုံမှန်ကန်စေရေး၊ အခြေခံလူဦးရေစာရင်းမှ စာရင်းထပ်နေမှုများအား Cross Check စနစ်ဖြင့် စိစစ်သန့်စင်ခြင်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ရခိုင်ပြည်နယ်တာဝန်ခံ ဒေါ်နုမြဇံ၊ ပြည်နယ်ရွေးကောက်ပွဲ အရာရှိ ဦးသူရိန်ထွဋ်၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ရပ်/ကျေးစာရေးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

## (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်းဖွင့်ပွဲကျင်းပ

**သပိတ်ကျင်း ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ဝါးဖြူတောင်ကျေးရွာတွင် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ကွန်ကရစ် လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြတ်တင့် က အမှာစကား ပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဆန်းက ကျေးရွာ ဖွံ့ဖြိုးတိုးတတ်ရေး လုပ်ငန်းစီမံကိန်း (VDP) နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ ဝါးဖြူတောင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထွန်းက ကွန်ကရစ်လမ်းခင်းပေးခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ကွန်ကရစ်လမ်းဖွင့်ပွဲကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲမြတ်တင့်၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး စိုးမင်းသူ၊ ခေတ္တခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူး စသိန်းဆွေတင့်၊ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်စိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

အဆိုပါ ကွန်ကရစ်လမ်းအား မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေကျပ် သိန်း ၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေ ကျပ်သိန်း ၃၀ ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

**မြို့နယ် (ပြန်/ဆက်)**



**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ကော့ကရိတ်မြို့နယ်၌ တစ်အိမ်တက်ဆင်း မြေပြင်ကွင်းဆင်းစာရင်း ဇန်နဝါရီ ၉ ရက်မှစ၍ လကုန်ရက်အထိ ဆောင်ရွက်မည်

**ကော့ကရိတ် ဇန်နဝါရီ ၂**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်၌ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာလ နောက်ဆုံးပတ်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းဝေက မြေပြင်စာရင်းအမှန်ရယူရေး တစ်အိမ်တက်ဆင်း စာရင်းကောက်ယူရေး လုပ်ငန်းကို ဇန်နဝါရီ ၉ ရက်မှစ၍ လကုန်ရက်အထိ စာရင်းကောက်ယူကာလသတ်မှတ်ဆောင်ရွက်မည်ဖြစ်၍ လိုအပ်သည့် ပေါင်းစပ်ဆောင်ရွက်မှုများကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးအက်စ်လင်းရောင်က နိုင်ငံတော်အဆင့် လူဦးရေစာရင်း အမှန်ပေါ်ပေါက်လာရေးအတွက် စီမံဆောင်ရွက်မည့်အခြေအနေကို ရှင်းလင်းပြောကြားသည်။

ဖွင့်ပွဲသို့ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်/ကျေးစာရေးများ၊ ရာအိမ်မှူးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြပြီး သင်တန်းသို့ စုစုပေါင်းသင်တန်းသား သင်တန်းသူ ၈၃ ဦး တက်ရောက်ခဲ့ကြကာ သင်တန်းကာလမှာ ဒီဇင်ဘာ ၂၇ ရက်မှ၂၈ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

ထာဝရဆက်လက် တည်ရှိအောင် ထိန်းသိမ်းရန်ဖြစ်ပါသည်။ လိုအပ်လျှင် အသက်၊ သွေး၊ ချွေးတို့ဖြင့် ရင်း၍ကာကွယ် ထိန်းသိမ်းရပါလိမ့်မည်။

လွတ်လပ်ရေးကို ခေတ်သစ်နယ်ချဲ့ဝါဒီတို့၏ မှိုင်းလုံးများဖြစ်သည့် "ဒီမိုကရေစီ" "လူ့အခွင့်အရေး" "လစ်ဘရယ်" "ဖက်ဒရယ်" ဟူသည့် သည်းခြေကြိုက် စကားလုံးများဖြင့် သွေးဆောင်မှုကို ပညာမျက်စိဖြင့် ကြည့်တတ်၊ မြင်တတ်ရပေမည်။ အဆိုပါ "လွတ်လပ်သည့် အချုပ်အခြာပိုင် နိုင်ငံတစ်နိုင်ငံဘဝ" ကို ပြိုကွဲအောင်လုပ်နေသည့် အဆိပ်မှိုင်းများကိုလည်း မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်များနှင့် လွတ်လပ်ရေးကို ထိန်းသိမ်းလိုစိတ် အရင်းတည်ကာ သတိပြု တွန်းလှန်ကာကွယ်နိုင်ပါမှ သခင်အဖြစ် မွေးဖွားလာသူ မြန်မာနိုင်ငံသားတို့၏ မွေးရာပါ တာဝန်ကျေပွန်သည့် ဘဝရောက်ကြမှာပါ။ ထို့အတူ လွတ်လပ်ရေးကို အရယူပေးခဲ့သည့် ဘိုးဘွားများနှင့် (၇၅) နှစ်တိုင်အောင် ထိန်းသိမ်းခဲ့သည့် မိဘများ၏ အမျိုးစစ်၊ အမျိုးမှန်ပီသသည့် မြန်မာနိုင်ငံသား စစ်စစ်ဘဝကို ရောက်ပေလိမ့်မည်။

အမျိုးစစ်၊ အမျိုးမှန် ပီသရုံနှင့်လည်း မပြီးသေးပါ။ ဘိုးဘွားမိဘတို့၏ "လွတ်လပ်သည့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဆက်လက်တည်တံ့ခိုင်မြဲမှုရှိရေး" ဟူသည့် သန္နိဋ္ဌာန်ကို မိမိတို့ ကိုယ်တိုင်စွဲမြဲ ယုံကြည်စွာ လက်ခံကျင့်သုံးရန် လိုအပ်သကဲ့သို့ နောက်မျိုးဆက်များသို့လည်း လက်ဆင့်ကမ်းပေးရန် တာဝန်ကို မဖြစ်မနေ ကျေပွန်ရန် လိုအပ်ပါသည်။ သို့မှသာ **"မြန်မာ့လွတ်လပ်ရေးနေ့များသည် စိန်ရတုမှသည် ကမ္ဘာတည်သရွေ့ တည်တံ့နေပေလိမ့်မည်"** ဟုယုံကြည်မိပါကြောင်း ရေးသားလိုက်ရပါသည်။

# ပျဉ်းမနားမြို့၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲ၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်စာစောင်ပြပွဲ ကျင်းပ

ပျဉ်းမနား ဇန်နဝါရီ ၂

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲ၊ ဓာတ်ပုံပြပွဲ၊ စာအုပ်စာစောင် ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပျဉ်းမနားမြို့နယ် လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး တက်ရောက်သည်။



**အသိပညာပေး ဆောင်ရွက်**

ရှေးဦးစွာ နေပြည်တော် ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက အမှာစကား ပြောကြားရာတွင် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများကို ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူ လူငယ်များအား လွတ်လပ်ရေး၏ အနှစ်သာရကို သိရှိ၍ တန်ဖိုးထားတတ်စေရန်အတွက် အသိပညာပေး လုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူ လူငယ်များအနေဖြင့် လွတ်လပ်ရေးရရှိရန်အတွက် အသက်၊ သွေး၊ ချွေးများ ရင်းနှီးပြီး ရယူခဲ့သည့် ဖြစ်စဉ်များကို တန်ဖိုးထားကြရန်နှင့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများနှင့် ဟောပြောဆွေးနွေးခြင်းများကို စဉ်ဆက်မပြတ် အသိပညာပေး ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က ဟောပြောပွဲနှင့် ပြပွဲများ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နေပြည်တော် ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက ခင်းကျင်းပြသထားသည့် လုပသာယာ ပြည်မြန်မာ ရောင်စုံဓာတ်ပုံများ၊ နံရံကပ်စာစောင် ပြဘုတ်များ၊ ပြည်သူ့စာကြည့်တိုက်တွင် စာအုပ်စာစောင်များ ငှားရမ်းနေမှုအခြေအနေများ **(အပေါ်ပုံ)** နှင့် ပြတိုက်ငယ်တို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် စာရေးဆရာမ သက်သက်နွယ် (ရန်ကုန်တက္ကသိုလ်) က လူငယ်နှင့် ယဉ်ကျေးမှု၊ စာရေးဆရာမ ခင်လေး (ပြည်ထောင်စုနယ်မြေ)က လူငယ်နှင့် စိတ်ဓာတ်ခွန်အား ခေါင်းစဉ်များဖြင့် ဟောပြောဆွေးနွေးသည်။

အခမ်းအနား အပြီးတွင် ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် လုပသာယာ ပြည်မြန်မာရောင်စုံဓာတ်ပုံများ၊ နံရံကပ်စာစောင်ပြဘုတ်များ၊ပြည်သူ့စာကြည့်တိုက်၊ ကလေးစာဖတ်ခန်း၊ ပြတိုက်ငယ်တို့ကို ကြည့်ရှုလေ့လာကြပြီးကလေးစာဖတ်ခန်းတွင် ဆေးရောင်ခြယ်ခြင်း၊ ဂိမ်းကစားခြင်းများကို ပါဝင်ယှဉ်ပြိုင်ကြရာ ဆုရရှိသူများအား တာဝန်ရှိသူများက လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

**လက်ကမ်းစာစောင်များ ဖြန့်ဝေ**

ထို့နောက် ပျဉ်းမနားမြို့နယ် ရုံးဝန်ထမ်းများက ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန (ရုံးချုပ်)မှ ထုတ်ဝေသည့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် "သတင်းစကား" လက်ကမ်းစာစောင်များအား ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**



# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် နှစ်သစ်ကူးတရား အလှူတော်ဓမ္မသဘင်ပွဲ ပထမနေ့ကျင်းပ

**ပဲခူး ဇန်နဝါရီ ၂**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် နှစ်သစ်ကူးတရားအလှူတော်ဓမ္မသဘင်ပွဲ ပထမနေ့ကို ဇန်နဝါရီ ၁ ရက် ညပိုင်းက ပဲခူးမြို့ ရွှေမော်ဓောစေတီတော်မြတ်ကြီး ယာဉ်ရပ်နားကွင်း၌ ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် နှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင်ပွဲအား ဇန်နဝါရီ ၁ ရက်မှ ၃ ရက်အထိ ညစဉ် ၇ နာရီမှ စတင်၍ သုံးညတိုင်တိုင် ကျင်းပမည်ဖြစ်ပြီး ဇန်နဝါရီ ၁ ရက် ပထမနေ့ညတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ အဖွဲ့ဝင်ဆရာတော် ပဲခူးမြို့ ဥဿာသီရိစာသင်တိုက်၊ ပဓာနနာယက သာသနဓဇဓမ္မာစရိယ၊ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တသူရိယက လူဖြစ်ကျိုးနပ်ပါစေ တရားခေါင်းစဉ်ဖြင့် နိဗ္ဗာန်ရောက်ကြောင်း တရားတော်ကို ဟောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ နှစ်သစ်ကူးတရား အလှူတော်ဓမ္မသဘင်ပွဲသို့ ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်နှင့် ဝန်ကြီးများ၊ ဥပဒေချုပ်၊ အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အသီးသီးရှိ ဓမ္မမိတ်ဆွေ သူတော်စင်များ လာရောက်တရားတော်နာယူကြပြီး တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက လှူဖွယ်ပစ္စည်းများနှင့် ဓမ္မပူဇာအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# တနိုင်းမြို့တွင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပ

**တနိုင်း ဇန်နဝါရီ ၂**

ကချင်ပြည်နယ် တနိုင်းမြို့နယ်တွင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အခြေခံပညာအဆင့် ကျောင်းပေါင်းစုံပြိုင်ပွဲများကို ဇန်နဝါရီ ၁ ရက်မှ စတင်၍ တနိုင်းမြို့နယ်အတွင်းရှိ ကျောင်းများ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲများ ကျင်းပရာတွင် ထုပ်ဆီးတိုးပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ**(ယာပုံ)**၊ ခေါင်းအုံးရိုက်ပြိုင်ပွဲများ၊ မီတာ ၁၀၀၊ ၂၀၀၊ ဂုန်နီအိတ်စွပ်ပြိုင်ပွဲများ၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲများ ကျင်းပနေမှုကို တနိုင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမိုးဇော်လင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်စိုး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးဇော်လွမ်းတူး၊ မြို့နယ်ပညာရေးမှူး ဒေါ်ရွှေနယ်ဇိန်နှင့် မြို့နယ်ပြန်/ဆက် ဦးစီးအရာရှိ ဒေါ်ဝါဦးတို့က ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲများတွင် ဆုရရှိသူများကို အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းခန်းမတွင် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့၌



တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ပန်းအိ(တနိုင်း)**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၂**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရေဆင်းကန်ဦးကျောင်းတိုက်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ခေမာသီဝံပရိယတ္တိစာသင်တိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ စိန်မမပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ဓမ္မဇေယျပရိယတ္တိစာသင်တိုက်၊ ရန်ကင်းမြို့နယ်ရှိပဉ္စနိကာယ်သာသနာ့ဗိမာန်ကျောင်းတိုက်၊ သာကေတမြို့နယ်ရှိ ပါဠိကာရီပရိယတ္တိစာသင်တိုက်နှင့် အင်းစိန်မြို့နယ်ရှိ မြတ်သန္တာ ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ဝင်းနိမ္မိတာရုံပရိယတ္တိ စာသင်တိုက်၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ ပုဂံအတွင်းဝန်ကျောင်းတိုက်နှင့် မဟာဝိသုဒ္ဓါရုံတိုက်သစ်ကျောင်းတိုက်၊ အောင်မြေသာစံမြို့နယ်ရှိ ဝေဠုဝန်တိုက်သစ်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ ဇေယျမင်္ဂလာ ပရိယတ္တိစာသင်တိုက်နှင့် လမ်းမတော်မြို့နယ်ရှိ ကျောက်ပန်းတော်သာမဏေကျော် ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့/ ဦးစီးဌာနများမှ သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ်တို့ရှိ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**

# တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

**နေပြည်တော် ဇန်နဝါရီ ၂**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် –၂ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့၊ တီးတိန်မြို့၊ ပြင်ဦးလွင်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီ၊ နမ့်စန်မြို့တွင် ၅ ဒီဂရီစင်တီဂရိတ်နှင့် ပူတာအိုမြို့၊ ကျောက်မဲမြို့၊ ပင်လောင်းမြို့၊ လွိုင်လင်မြို့နှင့် ဖလမ်းမြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

## ဂျပန်ဧကရာဇ် သုံးနှစ်အတွင်း ပထမဆုံးအကြိမ် ပြည်သူများအား နှစ်သစ်ကူး နှုတ်ခွန်းဆက်စကားပြောကြား

**တိုကျို ဇန်နဝါရီ ၂**

ဂျပန်ဧကရာဇ် နာရူဟီတိုသည် သုံးနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ပြည်သူများအား တိုကျိုမြို့ရှိ ၎င်း၏နန်းတော်မှ နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုကို ကာကွယ်ရန် ဇန်နဝါရီ ၂ ရက်က ကျင်းပခဲ့သော အဆိုပါ အခမ်းအနားသို့ လူပေါင်း ၉၆၀၀ ခန့်ကိုသာ တက်ရောက်ခွင့်ပြုခဲ့သည်။ တက်ရောက်ခွင့်ရရှိသူများကို မဲနှိုက်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ဧကရာဇ်နှင့် ဧကရီမာဆာကိုတို့သည် နန်းတော်လသာဆောင်၌ ခြောက်ကြိမ်တိုင်တိုင် ထွက်ပေါ်လာခဲ့ပြီး ပြည်သူများကို လက်ဝှေ့ယမ်း နှုတ်ဆက်ခဲ့ကြသည်။

ဧကရာဇ်နှင့် ဧကရီတို့၏ သမီးတော် အအိကိုသည်လည်း အဆိုပါအခမ်းအနားတွင် ပထမဆုံးအကြိမ် ပါဝင်ခဲ့သည်။



ဧကရာဇ် နာရူဟီတို၊ ဧကရီ မာဆာကိုနှင့် သမီးတော် အအိကိုတို့ ပြည်သူများကို လက်ဝှေ့ယမ်းပြနေစဉ်။

ကူးစက်ရောဂါနှင့် အခြားသော အကြောင်းအရာများကြောင့် လွန်ခဲ့သောသုံးနှစ်တာကာလတွင် ပြည်သူများ ဒုက္ခအခက်အခဲများ ကြုံတွေ့ခဲ့ရကြောင်း ဧကရာဇ်က ပြောကြားခဲ့သည်။

ပြည်သူများနှင့် ယခုကဲ့သို့ နှစ်ကူးကာလကို ဆင်နွှဲရသည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရကြောင်းနှင့် ဂျပန်နိုင်ငံရှိ ပြည်သူများနှင့် ကမ္ဘာတစ်ဝန်းရှိ လူသားအားလုံး ပျော်ရွှင်စေရန် ဆုတောင်းကြောင်း ဧကရာဇ်က ပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**

## ဘူရွန်ဒီနိုင်ငံ၌ ကာလဝမ်းရောဂါဖြစ်ပွားကြောင်း ကြေညာ

**ဘူဂျန်ဘူရာ ဇန်နဝါရီ ၂**

ဘူရွန်ဒီနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ဘူဂျန်ဘူရာတွင် ကာလဝမ်းရောဂါဖြစ်ပွားနေကြောင်း သတင်းစာရှင်းလင်းပွဲတစ်ခု၌ ပြည်သူ့ကျန်းမာရေးနှင့် အေအိုင်ဒီအက်စ်ထိန်းချုပ်ရေးဝန်ကြီး ဆိုင်ဗီအင်ဓေယီမာနာက ဇန်နဝါရီ ၂ ရက် ညနေပိုင်းတွင် ကြေညာခဲ့သည်။

ဝမ်းလျှောခြင်း၊ အော့အန်ခြင်း စသည့်လက္ခဏာများနှင့်အတူ စီးပွားရေးမြို့တော် ဘူဂျန်ဘူရာရှိ မြောက်ပိုင်းကျန်းမာရေးခရိုင်၌ ဒီဇင်ဘာ ၃၀ ရက်က သံသယလူနာ ကိုးဦးကို စစ်ဆေးဖော်ထုတ်တွေ့ရှိခဲ့ကြောင်းနှင့် နောက်တစ်ရက်တွင်လည်း သံသယလူနာနှစ်ဦးကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း အဆိုပါဝန်ကြီးက ပြောသည်။

ဒီဇင်ဘာ ၃၁ ရက်တွင် ထုတ်ပြန်ခဲ့သော အမျိုးသားကျန်းမာရေးအင်စတီကျု(အိုင်အင်န်အက်စ်ပီ)၏ ရလဒ်များအရ ကာလဝမ်းရောဂါဖြစ်ကြောင်း အတည်ပြုခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**



## စင်ကာပူ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအသစ် ၃၉၀ တွေ့ရှိ

**စင်ကာပူ ဇန်နဝါရီ ၂**

စင်ကာပူနိုင်ငံ၌ ဇန်နဝါရီ ၂ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသူအသစ် ၃၉၀ တွေ့ရှိသဖြင့် အဆိုပါ ရောဂါကူးစက်ခံရသူ ၂၂၀၃၁၄၆ ဦး ရှိလာပြီဖြစ်ကြောင်း သိရသည်။ လက်ရှိတွင် ဆေးရုံတက်ရောက်ကုသနေဆဲလူနာစုစုပေါင်း ၆၆ ဦးရှိပြီး နှစ်ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် စာရင်းအချက်အလက်များအရ သိရသည်။

ဇန်နဝါရီ ၂ ရက်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံသေဆုံးသူတစ်ဦးရှိသဖြင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၁၇၁၂ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## သြစတြေးလျကမ်းခြေပေါ်၌ ရဟတ်ယာဉ်နှစ်စင်းတိုက်မိ၊ လေးဦးထက်မနည်းသေဆုံး

**ဆစ်ဒနီ ဇန်နဝါရီ ၂**




သြစတြေးလျ ကမ်းခြေပေါ်၌ ရဟတ်ယာဉ်နှစ်စင်း တိုက်မိမှုဖြစ်ပွားရာ လေးဦးထက်မနည်း သေဆုံးပြီး အများအပြားဒဏ်ရာရရှိကြောင်း သိရသည်။

အဆိုပါ မတော်တဆမှုမှာ နိုင်ငံအရှေ့ပိုင်း ဂိုးလ်ကို့စ်မြို့၌ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီဝန်းကျင်တွင် ဖြစ်ပွားခဲ့ကြောင်း ဒေသတွင်း အာဏာပိုင်များနှင့် မီဒီယာများတွင် ဖော်ပြထားသည်။ ရဟတ်ယာဉ်တစ်စင်းမှာ ကမ်းခြေပေါ်သို့ ဇောက်ထိုးကျသွားခြင်းဖြစ်ပြီး အခြားရဟတ်ယာဉ်တစ်စင်း၏ အရှေ့ပိုင်းမှာ ဆိုးဆိုးရွားရွားပျက်စီးသွားကြောင်း အခင်းဖြစ်ပွားခြင်းကို ရိုက်ကူးထားသည့် ဗီဒီယိုဖိုင်တွင် ဖော်ပြထားသည်။ အခင်းဖြစ်ပွားရခြင်းမှာ ရဟတ်ယာဉ်တစ်စင်း ဆင်းသက်ချိန်နှင့် အခြားရဟတ်ယာဉ်မှာ မြေပြင်မှ ပျံတက်ချိန်တွင် တိုက်မိခြင်းဖြစ်ကြောင်း ဒေသတွင်းမီဒီယာများတွင် ဖော်ပြထားသည်။

ဂိုးလ်ကို့စ်မြို့သည် လှပသည့် ကမ်းခြေများကြောင့် နာမည်ကြီးပြီး ယခုနှစ်အတွင်း ခရီးသွားများနှင့် စည်ကားလျက်ရှိကြောင်း သိရသည်။ အခင်းဖြစ်ပွားသည့် အကြောင်းရင်းကို ရဲတပ်ဖွဲ့များနှင့် လေကြောင်း အာဏာပိုင်များက စုံစမ်း စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်း၌ မြေပြိုမှုဖြစ်ပွားပြီး နှစ်ဦးသေဆုံး

**တိုကျို ဇန်နဝါရီ ၂**

ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်း၌ ဇန်နဝါရီ ၁ ရက်ကဖြစ်ပွားခဲ့သော မြေပြိုကျသည့်နေရာတွင် ထိခိုက်ဒဏ်ရာရရှိသူနှစ်ဦးကို ကယ်ဆယ်ရေးသမားများက တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါနှစ်ဦးမှာသေဆုံးကြောင်း ရာမာဂါတာခရိုင် စုရူအိုခမြို့ရှိ တာဝန်ရှိသူများက ဇန်နဝါရီ ၂ ရက်တွင် အတည်ပြုပြောကြားသည်။ ၎င်းတို့နှစ်ဦးမှာ ပျောက်ဆုံးနေကြောင်း တိုင်ကြားထားသည့် အသက် ၈၀ အရွယ်အမျိုးသားတစ်ဦးနှင့် အသက် ၇၀ အရွယ်အမျိုးသမီးတစ်ဦးတို့ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ယူဆထားသည်။ မီတာ ၃၀ အမြင့်မှ မြေပြိုကျမှုဖြစ်ပွားခြင်းဖြစ်ပြီး အကျယ်အဝန်းမှာ မီတာ ၁၀၀ ခန့်ရှိကြောင်းနှင့် အဆောက်အဦ ၁၀ လုံးခန့် ကြီးကြီးမားမား ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ရဲတပ်ဖွဲ့၊ မီးသတ်ဌာနနှင့် မြေပြင်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့တို့မှ လူပေါင်း ၂၀၀ ခန့်ရှိ အဖွဲ့သည် နေ့ရောညပါ ရှာဖွေရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ၂၀၂၂ ခုနှစ်တွင် လုပ်ငန်းခွင်နှင့် ဆက်စပ်သော ဖြစ်စဉ်များကြောင့် သေဆုံးသူ ၁၀၀၀ ကျော်ရှိ

**ဒါကာ ဇန်နဝါရီ ၂**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ၂၀၂၂ ခုနှစ်တွင် လုပ်ငန်းခွင်မတော်တဆမှုများ၊ လုပ်ငန်းခွင်အကြမ်းဖက်မှု၊ ယာဉ်မတော်တဆမှုနှင့် အလုပ်သမားအခွင့်အရေးချိုးဖောက်မှုများကြောင့် သေဆုံးသူ ၁၀၃၄ ဦးထက်မနည်းရှိပြီး အခြားထိခိုက်ဒဏ်ရာရရှိသူ ၁၀၃၇ ဦးရှိကြောင်း ဒေသဖွံ့ဖြိုးရေး အဖွဲ့အစည်းက ဇန်နဝါရီ ၂ ရက်တွင် ပြောသည်။

လုပ်ငန်းခွင်နှင့်ဆက်စပ်သော သေဆုံးသူများအနက် ဆောက်လုပ်ရေးကဏ္ဍမှ ၁၁၈ ဦး၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍမှ ၁၁၂ ဦးနှင့် ပို့ဆောင်ရေးကဏ္ဍမှ ၄၉၉ ဦးဖြင့် အများဆုံး ဖြစ်ကြောင်း သိရသည်။ ထို့အပြင် လုပ်ငန်းခွင်၌ အလုပ်သမားများ သေဆုံးမှုအရေအတွက်သည် ပြီးခဲ့သည့် နှစ်နှစ်နှင့် နှိုင်းယှဉ်ကြည့်ပါက အနည်းငယ်ကျဆင်းလာကြောင်း ဘင်္ဂလားဒေ့ရှ် အလုပ်သမားလေ့လာရေးအဖွဲ့ (ဘီအိုင်အယ်အက်စ်) ၏ စာရင်းအချက်အလက် များအရ သိရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ၂၀၂၁ ခုနှစ်တွင် လုပ်ငန်းခွင်နှင့် ဆက်စပ်သော သေဆုံးသူအရေအတွက်မှာ ၁၀၅၃ ဦးရှိသည်ဟု ဆိုသည်။

အလုပ်သမား စစ်ဆေးမှုအားနည်းခြင်း၊ အလုပ်သမားများအကြား ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရေး သင်တန်းပေးမှု အားနည်းခြင်းနှင့် သင့်လျော်သည့် လုပ်ခလစာမရရှိခြင်းက နိုင်ငံအတွင်း လုပ်ငန်းခွင်နှင့်ဆက်စပ်သော ဖြစ်စဉ်များနှင့် အလုပ်သမားဆူပူအုံကြွမှု ဆက်လက်ဖြစ်ပေါ်နေခြင်း၏ အဓိက အကြောင်းရင်းများဖြစ်ကြောင်း အဆိုပါအဖွဲ့အစည်းက ပြောသည်။

**ဆင်ဟွာ**




၂၀၂၂ ခုနှစ်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်း၌ အလုပ်သမား ၃၀၀ ကျော် သေဆုံးမှုဖြစ်ပွားခဲ့သည့် ကွန်တိန်နာသိုလှောင်ရုံ မီးလောင်မှု ဖြစ်ပွားစဉ်။

## တာချီလိတ်နယ်စပ်ကုန်သွယ်ရေး ပုံမှန်ဆောင်ရွက်

မြန်မာ-ထိုင်း နယ်စပ်တစ်ခုဖြစ်သည့် တာချီလိတ်ဒေသတွင် နယ်မြေတည်ငြိမ်အေးချမ်းလျက်ရှိပြီး နိုင်ငံတော်၏ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ ကုန်ပစ္စည်းများ တင်ပို့/တင်သွင်းလျက်ရှိသော လုပ်ငန်းရှင်များကိုလည်း ကုန်သွယ်မှုလုပ်ငန်းများတွင် လွယ်ကူလျင်မြန်ချောမွေ့စေရေးအတွက် သက်ဆိုင်ရာဒေသ အာဏာပိုင်အဖွဲ့အစည်းများ၊ ကုန်သွယ်ရေးစခန်း (OSS)အဖွဲ့နှင့် ဆက်စပ်ဌာနများမှပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိသည်။ ကုန်သွယ်မှုလမ်းကြောင်းကောင်းမွန်လျက်ရှိသည့်အတွက် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ပို့ကုန် အမေရိကန်ဒေါ်လာ ၅ ဒသမ ၅၁၇ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၁၅၃ သန်း၊ စုစုပေါင်းတန်ဖိုး ၁၅ ဒသမ ၆၇၀ သန်း ကုန်သွယ်မှုပြုခဲ့သည်။ ဇန်နဝါရီ ၂ရက် ငွေလဲနှုန်းမှာ ကျပ်တစ်သိန်းလျှင် ၁၂၂၅ ဘတ်ဖြစ်သဖြင့် မြန်မာငွေဈေး ၈၁ ကျပ်ဝန်းကျင်ခန့် ပေါက်ဈေးဖြစ်ပေါ် တည်ငြိမ်လျက်ရှိသည်။

တာချီလိတ်ဒေသသည် စီးပွားရေးဖွံ့ဖြိုးလာသည်နှင့်အမျှ တည်ဆောက်ရေးလုပ်ငန်းများမှာလည်း ပိုမိုကျယ်ပြန့်လာပြီဖြစ်သည်။ ထို့ကြောင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် ဘိလပ်မြေနှင့် အိမ်ဆောက်ပစ္စည်းမျိုးစုံကို တစ်ဖက်ထိုင်းနိုင်ငံမှ တင်သွင်းလျက်ရှိသကဲ့သို့ ပို့ကုန်အနေဖြင့်လည်း ပုစွန်ဖွဲ၊ ရော်ဘာတို့အား အများဆုံးတင်ပို့လျက်ရှိသည်။ ယခုကာလ ပွင့်လင်းရာသီဖြစ်လာသည်နှင့်အညီ မိမိဘက်ပို့ကုန်များ တိုးမြှင့်နိုင်ရေးအတွက် ကုန်သည်လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆွေးနွေး ဆောင်ရွက်လျက်ရှိသည်။ တစ်ဖက်တွင်လည်း ဝမ်ပုံဆိပ်ကမ်းမှတစ်ဆင့် ကုန်ပစ္စည်းများကို တရုတ်နိုင်ငံနှင့် လာအိုနိုင်ငံများသို့ မဲခေါင်မြစ်ကြောင်းအတိုင်း ရေယာဉ်များဖြင့် ကုန်သွယ်မှုဆောင်ရွက်လျက်ရှိသည်။ ထိုအခွင့်အရေးများရှိသောကြောင့် မကြာမီကာလတွင် တာချီလိတ်ဒေသ၏ ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရသည်။

## ကော့သောင်းကုန်သွယ်ရေးစခန်းမှ ရေထွက်ပစ္စည်းတင်ပို့မှု အနည်းငယ်ကျဆင်း

ကော့သောင်း ကုန်သွယ်ရေးစခန်းသည် တစ်ဖက်ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိကတင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိကတင်ပို့နေသော ပစ္စည်းများမှာ ငါးမျိုးစုံ၊ ငါးစီဖောင်း၊ ပုစွန်၊ ငါးဆားနယ်၊ ကဏန်း၊ ကင်းမွန် (စို/ခြောက်)၊ ခရုနှင့် ငါးမှုန့် တို့ဖြစ်သည်။

၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် ရေထွက်ပစ္စည်းတန်ချိန် ၂၄၃၃၀၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၄၈၃ သန်း တင်ပို့နိုင်ခဲ့သော်လည်း ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် တန်ချိန် ၁၄၀၂၂၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၈၇၂ သန်းသာ တင်ပို့နိုင်ခဲ့သည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂ ရက် ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ၁၂၃၅ ဘတ်၊ တစ်ဘတ်လျှင် မြန်မာငွေကျပ် ၈၁ ကျပ်ခန့် ဖြစ်ကြောင်း သတင်းရရှိသည်။



## ကလေးဒေသထွက် အိန္ဒိယမုန်ညင်း ဈေးကောင်းရ

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်ရှိ ကျေးရွာများဖြစ်သော ချင်းဆိုင်၊ ဆည်တော၊ ဇင်းကလင်း၊ ဆည်တော်ဦး၊ ကျောင်းတိုက်၊ သဖန်းအိုင်၊ ညောင်တောစသည့် ကျေးရွာများတွင် အများဆုံး စိုက်ပျိုးပြီး ဒေသနှင့်ကိုက်ညီသည့် ရာသီစာ အိန္ဒိယမုန်ညင်း စိုက်ပျိုးရောင်းချခြင်းဖြင့် နှစ်စဉ်ဝင်ငွေ ရရှိလျက်ရှိကြောင်း သိရသည်။

ညောင်တော ကျေးရွာတွင် ခြောက်လမုန်ညင်း၊ ဆီစား မုန်ညင်း၊ အိန္ဒိယမုန်ညင်း၊ ကိုက်လန်နှင့် ရိုးဖြူမုန်ညင်း စသည့် မုန်ညင်းအမျိုးအစားများကို စိုက်ပျိုးကြသော်လည်း အိန္ဒိယမုန်ညင်းမှာ လူကြိုက်များပြီး အရောင်းသွက်သော မုန်ညင်းအမျိုးအစား တစ်မျိုးဖြစ်ကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။

အိန္ဒိယမုန်ညင်းကို စပါးရိတ်သိမ်းပြီးနောက် လယ်ရိုးကျွတ်လယ်ယာ၏မြေပေါ်တွင် အပိုဝင်ငွေရရှိရေးအတွက် ကောက်ရိုးငုတ်များကို မီးရှို့၊ ရေသွင်းပြီး အောက်တိုဘာလတွင် အိန္ဒိယမုန်ညင်းမျိုးစေ့များကြဲကာ ၂၀ ရက်သား အချိန်ခန့်တွင် မုန်ညင်းပင်ပေါက်များဖြစ်လာကာ မုန်ညင်းပင်ပေါက်များကို ပြန်လည်စိုက်ပျိုးပြီး နိုဝင်ဘာလတွင်စတင်၍ မုန်ညင်းဖူးများကို ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးရောင်းချကာ တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ ဖြင့် ရောင်းချရကြောင်း သိရသည်။

DOCA(စစ်ကိုင်း)

## ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ နှမ်းဖြူ၊ နှမ်းနက်နှင့် မြေပဲဆန် အဓိကထား တင်ပို့

ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ တစ်ဖက်နိုင်ငံသို့ ပို့ကုန်တင်ပို့မှုအနေဖြင့် လက်ရှိကာလတွင် ဆန်၊ ဆန်ကွဲ၊ ပြောင်း၊ ကြံ၊ လက်ဖက်ခြောက်၊ နှမ်းဖြူ၊ နှမ်းနက်နှင့် မြေပဲဆန်တို့ကို အဓိကထားတင်ပို့လျက်ရှိသည်။ ယခုရက်ပိုင်းအတွင်း တရုတ်နိုင်ငံ၏ ဘိန်းအစားထိုး သီးနှံပါမစ်ခွင့်ပြုချက်ဖြင့် ကြံရာသီရောက်ရှိလာပြီဖြစ်သည့်အတွက် ကြံတင်ပို့မှုများလည်း များပြားလာလျက်ရှိသည်။ ကုန်စည်သယ်ယူစရိတ်အနေဖြင့် မန္တလေးမှ ချင်းရွှေဟော်သို့ ယခုအပတ်တွင် ပို့ကုန်တစ်တန်လျှင် ငွေကျပ် ၇၀၀၀၀ ရှိကြောင်း သိရှိရသည်။ လယ်ယာထွက်ကုန်ပစ္စည်းများ၏ တစ်တန်ဈေးနှုန်းများမှာ ဧည့်မထဆန် ၃၇၂ ဒေါ်လာနှုန်း၊ ဆန်ကွဲမှာ ၃၅၀ ဒေါ်လာနှုန်း၊ ပြောင်းမှာ ၃၀၀ ဒေါ်လာနှုန်း၊ ကြံမှာ ၅၀ ဒေါ်လာနှုန်း၊ လက်ဖက်ခြောက်မှာ ၂၀၀ ဒေါ်လာနှုန်း၊ နှမ်းဖြူမှာ ၁၄၂၅ ဒေါ်လာ၊ နှမ်းနက်မှာ ၁၂၀၀ ဒေါ်လာရှိခဲ့ပြီး မြေပဲဆန် ၁၃၀၀ ဒေါ်လာရှိခဲ့ကြောင်း သိရှိရသည်။

ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ သွင်းကုန်တင်သွင်းမှုအနေဖြင့် ဒီဇင်ဘာလအတွင်း စားသောက်ကုန်၊ ဆေးနှင့်ဆေးဝါးပစ္စည်းများ၊ လယ်ယာသုံးပစ္စည်းတို့ကို အဓိကတင်သွင်းလျက်ရှိသည်။ ယခုတစ်ပတ်အတွင်း သံနှင့် သံမဏိပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ စက်နှင့် စက်အပိုပစ္စည်းများ၊ သစ်သီးတို့ကို အများဆုံးတင်သွင်းနိုင်ခဲ့ပြီး အပင်ပိုးသတ်ဆေးများ၊ ကြွေပြား၊ စက်ဘီးအပိုပစ္စည်းများ၊ ကြက်အူချောင်း၊ စတီးချိုင့်၊ စတီးလင်ပန်း၊ စတီးဇွန်း/ခက်ရင်း၊ စတီးဇလုံ၊ စတီးခွက်၊ ကော်စေ့များ စသည့် လူသုံးကုန်ပစ္စည်းများ၊ ဆေးနှင့် ဆေးဝါးပစ္စည်းများ၊ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများတို့ကိုလည်း တင်သွင်းနိုင်ခဲ့သည်။

ပြည်သူလူထုအတွက် အဓိကလိုအပ်သော ပစ္စည်းများအား အခြား နယ်စပ်စခန်းများနည်းတူ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှလည်း တင်သွင်းဖြည့်ဆည်းလျက်ရှိသည်။

လက်ရှိကာလတွင် ချင်းရွှေဟော်မြို့၏ ဒေသပေါက်ဈေးအရ ယွမ်ငွေ တစ်ယွမ်လျှင် ၄၀၁-၄၀၅ ကျပ်ဝန်းကျင် ဖြစ်ပေါ်လျက်ရှိပြီး ငွေလဲနှုန်းပြောင်းလဲမှုအရ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း ဈေးနှုန်းအနည်းငယ်ပြောင်းလဲမှုရှိနိုင်ကြောင်း သတင်းရရှိသည်။



## မုံရွာ ငရုတ်သီးဈေးကွက်ပုံမှန်ဖြစ်

မုံရွာမြို့တွင် စားဖိုဆောင်သီးနှံဖြစ်သော ငရုတ်သီးကို ဒေသတွင်းလက်လီ/ လက်ကား သမားများဖြင့်သာ အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိပြီး မုံရွာမြို့ရှိ ပွဲရုံများမှတစ်ဆင့် ဈေးများ၊ ကုန်စုံဆိုင်များ၊ ကျေးရွာများသို့ လက်လီ/ လက်ကား ရောင်းချကြောင်း သိရသည်။ မုံရွာမြို့တွင် စိုက်ပျိုးသော ကျောက်စိမ်း ငရုတ်သီးဈေးမှာ ယခုလက်ရှိအချိန်တွင် ပွဲရုံလက်ကားဈေး တစ်ပိဿာလျှင် ငွေကျပ် ၈၀၀-၁၀၀၀၊ လက်လီဈေးမှာ တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀-၁၂၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။ ငရုတ်သီးစိမ်းကို မုံရွာမြို့နယ်အတွင်းရှိ ညောင်ပင်တဲ၊ ကျောက်ခွက်၊ ဘုမ္မနိုး၊ ထနောင်းတော၊ မြေနဲ၊ ဆည်ကြီးတော၊ သစ်ညိုပင်ကျေးရွာများတွင် အများဆုံးစိုက်ပျိုးကြောင်း သိရသည်။ ငရုတ်သီးစိမ်းများသည် အထွက်နှုန်းကောင်းကာ ဈေးကောင်းရရှိနေခြင်းကြောင့် စိုက်ပျိုးသူတောင်သူများလည်း အကျိုးအမြတ်ဖြစ်ထွန်းကြောင်း သိရသည်။

DOCA(စစ်ကိုင်း)

## မုံရွာ ပန်းဂေါ်ဖီ လှိုင်လှိုင်ပေါပြီ

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်း ချင်းတွင်းမြစ်ရိုး၏ အရှေ့ဘက်တွင်တည်ရှိသော ညောင်ဖြူပင်၊ သစ်ဆိမ့်၊ ထနောင်းတော၊ နဂါးတွင်းကျေးရွာများသည် ဥယျာဉ်ခြံမြေ စိုက်ပျိုးခြင်းလုပ်ငန်းများကို အဓိကထား လုပ်ကိုင်လျက်ရှိပြီး တောင်သူများအနေဖြင့် ပန်းမုန်လာကို စက်တင်ဘာလနှင့် အောက်တိုဘာလဆန်းတို့တွင် ပျိုးထောင်၍ ၃၅ ရက်သားတွင် စိုက်ပျိုးကာ ရက်ပေါင်း ၉၀ ခန့် ခူးဆွတ်ရကြောင်း၊ စိုက်ပျိုးရာတွင် တစ်ပင်နှင့်တစ်ပင် တစ်ပေခွဲ သို့မဟုတ် နှစ်ပေခြား စိုက်ပျိုးပြီး တစ်တန်းနှင့် တစ်တန်းတွင် နှစ်ပေ သို့မဟုတ် နှစ်ပေခွဲခြားပြီး စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးပြီး အပင်ဖြစ်ထွန်းသည့်အခါ ပထမအကြိမ် ဓာတ်မြေဩဇာထည့်ခြင်းကို ရွှေ့စိုက်ပြီး (၇-၁၀)ရက်အကြာ၊ ဒုတိယအကြိမ် ဓာတ်မြေဩဇာထည့်ခြင်းကို ပထမအကြိမ်ထည့်ပြီး ၁၀ ရက်အကြာ၊ တတိယအကြိမ် ဓာတ်မြေဩဇာထည့်ခြင်းကို စိုက်ပြီး တစ်လခန့်အကြာတွင် ထည့်ရန်လိုကြောင်း၊ ဆေးဖျန်း၊ ပေါင်းလိုက်၊ မြေဩဇာကျွေးပြီးတိုင်း ရေသွင်းပေးရကြောင်း၊ မြေပြုပြင်ခြင်း၊ မျိုး၊ စိုက်ပျိုးခြင်း၊သွင်းအားစုနှင့်လုပ်သားခများအပါအဝင် တစ်ဧက စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်မှာ ကျပ် ရှစ်သိန်းခန့် ကုန်ကျပြီး ကျပ် ၁၅ သိန်းခန့် ပြန်လည်ရရှိသည့်အတွက် အကျိုးအမြတ်အနေဖြင့် ကျပ်ခုနစ်သိန်းခန့် ရရှိကြောင်းသိရသည်။

ခူးဆွတ်ပြီး ပန်းမုန်လာပွင့်များကို ယခင်နိုဝင်ဘာလ စတုတ္ထပတ်တွင် အရွယ်အစားအလိုက် တစ်ပွင့်လျှင် ကျပ် ၉၀၀-၁၅၀၀ ဖြင့် ရောင်းချကြရပြီး ယခုဒီဇင်ဘာစတုတ္ထပတ်တွင် ကျပ် ၅၀၀-၇၀၀ ဖြင့် ရောင်းချရကြောင်း သတင်းရရှိသည်။

DOCA(စစ်ကိုင်း)



# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၂) ရာခိုင်နှုန်းရှိ

**(၂-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၁၈၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၈၂၅,၅၃၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၆၈၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၅) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၈,၃၁၇) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ် ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၄၈)ရက်ဆက်တိုက် (၁) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင်နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအားလိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရေဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၁-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၆၀ | ၂၁၀၅ | ၂၁၀၀ | ၂၀၇၀ | ၂၁၀၅ | ၂၁၂၅ | ၂၁၁၅ | ၂၀၉၀ | ၂၁၈၅ | ၂၂၀၀ | ၂၀၉၅ | ၂၁၀၅ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၅ | ၂၃၆၅ | ၂၇၆၀ |
| 95 Ron | ၂၁၂၀ | ၂၁၇၀ | ၂၁၆၅ | ၂၁၃၀ | ၂၁၆၅ | ၂၁၉၀ | ၂၁၇၅ | ၂၁၅၀ | ၂၂၄၅ | ၂၂၆၀ | ၂၁၆၀ | ၂၁၇၅ | ၂၂၀၀ | ၂၂၀၅ | ၂၂၀၅ | ၂၄၂၅ | ၂၈၄၀ |
| HSD (500 ppm) | ၂၃၅၅ | ၂၄၀၅ | ၂၄၀၀ | ၂၃၆၅ | ၂၄၀၀ | ၂၄၂၅ | ၂၄၂၀ | ၂၃၉၀ | ၂၅၀၅ | ၂၅၀၀ | ၂၃၉၅ | ၂၄၀၅ | ၂၄၄၀ | ၂၄၄၀ | ၂၄၄၀ | ၂၆၆၀ | ၃၄၈၅ |
| HSD (50 ppm) | ၂၄၃၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၇၀ | ၂၅၈၅ | ၂၅၈၀ | ၂၄၇၅ | ၂၄၈၅ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၀ | ၂၇၄၀ | ၃၅၁၅ |
| HSD (10 ppm) | ၂၄၃၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၇၀ | ၂၅၈၅ | ၂၅၈၀ | ၂၄၇၅ | ၂၄၈၅ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၀ | ၂၇၄၀ | ၃၅၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၆၀ | ၂၀၃၂ |
| 95 Ron | ၂၀၁၉ | ၂၀၉၃ |
| HSD (500 ppm) | ၂၂၅၂ | ၂၃၂၇ |
| HSD (50 ppm) | ၂၃၂၆ | ၂၄၀၂ |
| HSD (10 ppm) | ၂၃၂၆ | ၂၄၀၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ငါးဖမ်းလုပ်ငန်း ရေရှည်ဖွံ့ဖြိုးရေး...

## မြန်မာ့ပင်လယ်ပြင်တစ်ခွင် ငါးမန်းများအား ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေး

သိန်းညွန့်(PZL)

ငါးမန်းဟု ဆိုလိုက်ပါလျှင် လူသားများကိုအန္တရာယ်ပြုနေသော ကြောက်မက်ဖွယ်ရာ ရေသတ္တဝါအဖြစ်သာ မြင်ယောင်ကြောက်ရွံ့မိကြစမြဲ ဖြစ်ပေသည်။ ငါးမန်း(SHARK) တို့သည် လူသားများအား သတ်ဖြတ်စားသောက်ကြသည်ဟု အများစုက ထင်မှတ်ထားကြသည်။ စင်စစ်အားဖြင့် ငါးမန်းသတ္တဝါသည် လူသားတို့၏သွေးညှီနံ့ထက် ငါးနှင့် ပင်လယ်ဖျံများ၏သွေးနံ့ကို ပိုမိုနှစ်ခြိုက်စွာ စားသောက်ကြသည်။ ခရု၊ ကမာ၊ ကျောရိုးမဲ့သတ္တဝါနှင့် ပင်လယ်ဖျံများသည်သာ ၎င်းတို့၏အဓိကအစားအစာများဖြစ်ကြသည်။

### ကျွန်းပေါင်း ၈၀၀ ကျော်တည်ရှိ

မြန်မာ့ပင်လယ်ကမ်းရိုးတန်း တစ်နံတစ်လျားတွင် ကျွန်းပေါင်း ၈၀၀ ကျော်တည်ရှိနေကြောင်း သိမှတ်ရသည်။ အမိနိုင်ငံသည် မြိတ်ကျွန်းစု၊ ရခိုင်ကမ်းရိုးတန်းနှင့် ကိုကိုးကျွန်းတန်း များအပါအဝင်



ငါးမန်းဖားလောင်း

ကျယ်ပြောသော အဏ္ဏဝါရေပြင်တစ်လွှားကို လွှမ်းခြုံပိုင်ဆိုင်ထားသည်။ ကမ်းရိုးတန်းဒေသနေပြည်သူများအတွက် နိစ္စဓူဝ ဝင်ငွေဖန်တီးပေးနေသော လုပ်ငန်းအဖြစ် ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းများအပေါ် အဓိကတည်မှီနေရသည်။

### နိုင်ငံခြားငွေရရှိရေး

အဆိုပါ လုပ်ငန်းမှသည် ငါးပိနှင့် ငံပြာရည်ထုတ်လုပ်ရန် ကုန်ကြမ်းကိုလည်း ပံ့ပိုးပေးနိုင်သည်။ တစ်နည်းဆိုရပါသော် နိုင်ငံအတွက် နိုင်ငံခြားငွေရရှိရေး ပင်လယ်ထွက်ပစ္စည်း အအေးခန်းစက်ရုံများ ပုံမှန်လည်ပတ်နိုင်ရန်အတွက် အထောက်အကူပြုလျက်ရှိသည်။

ပင်လယ်ငါးဖမ်းလုပ်ငန်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါးဖမ်းခြင်းလုပ်ငန်းဆိုင်ရာ မူဝါဒများသည် တိကျမှန်ကန်ရန် လိုအပ်သည်။ သို့ဖြစ်၍ ပင်လယ်ပြင်တစ်နံတစ်လျားရှိ သတ္တဝါများ၏ သဘောသဘာဝကို လွှမ်းခြုံနိုင်သော ဂေဟစနစ်ကို ဖော်ဆောင်နိုင်ရေးသည် အရေးကြီးလှသည်။

### ငါးမန်းမျိုးစိတ် ၄၉၀ ခန့် ကျက်စား

ကမ္ဘာ့ ပင်လယ်ပြင်အတွင်း ငါးမန်း မျိုးစိတ် စုစုပေါင်း ၄၉၀ ခန့် ကျက်စား နေထိုင်လျက်ရှိရာ ယင်းအချက်သည်ပင် အဏ္ဏဝါဂေဟစနစ်၏ အနေအထားကျန်းမာမှုကို ပြဆိုသော ညွှန်းကိန်းအဖြစ် ဖော်ပြနေပေသည်။

အဏ္ဏဝါဂေဟစနစ်တွင် အခရာကျသော ငါးမန်းများသည် အဏ္ဏဝါဂေဟစနစ်၏ မျှခြေကို ထိန်းသိမ်းပေးသော သတ္တဝါများပင်ဖြစ်သည်။ ငါးမန်းများကို မတန်တဆ ဖမ်းဆီးသတ်ဖြတ်ခြင်းဖြင့် အရေအတွက် နည်းပါးလာမည်ဆိုပါက အဏ္ဏဝါအစာကွန်ရက် ပုံစံပြောင်းလဲကာ တန်ဖိုးနည်းသည့် ငါးအရေအတွက်များစွာ တိုးပွားလာရန်ရှိပေသည်။

### ဦးစားပေးလုပ်ငန်းအဖြစ် ဖော်ဆောင်

ငါးမန်းများသည် ထူးခြားသော အကြောင်းအရာကို စိတ်ဝင်စားတတ်ကြပေရာ လိမ္မော်ရောင်၊ အဝါရောင်များ ဝတ်ဆင်ရေကူးခြင်းသည် အန္တရာယ်ဖြစ်ပေါ်စေနိုင်သည်။

မျိုးပွားမှုနှေးကွေးခြင်း၊ အရွယ်ရောက်ရန် အချိန်ပေးရခြင်း၊ အရေအတွက်နည်းပါးလာခြင်း၊ ကောင်ရေကျဆင်းခြင်းများ ကြုံတွေ့ပါက မူလအခြေအနေပြန်ရောက်ရှိရန် အခက်အခဲများ ရှိပေရာ ငါးမန်းများ ထိန်းသိမ်းကာကွယ်ရေးကို ဦးစားပေးလုပ်ငန်းအဖြစ် ဖော်ဆောင်ပေးရန် လိုအပ်နေပြီဖြစ်သည်။

### သေဆုံးရသည့် ငါးမန်းကောင်ရေ သန်း ၁၀၀ ခန့်ရှိ

စေ့ငု သုတေသနပြုချက်များအရ ငါးမန်းကိုက်၍ သေဆုံးရသူ လူဦးရေသည် တစ်နှစ်လျှင် ပျမ်းမျှ ၁၆ ဦးမျှသာရှိသော်လည်း လူတို့၏ ဖမ်းဆီးသတ်ဖြတ်မှုကြောင့် သေဆုံးရသည့် ငါးမန်းကောင်ရေမှာ တစ်နှစ်လျှင် ပျမ်းမျှကောင်ရေ သန်း ၁၀၀ ခန့် ရှိနေကြောင်း ကြောက်ခမန်းလိလိ တွေ့ရှိရသည်။

ငါးမန်းများကို ငါးမန်းတောင် ဟင်းချိုဟင်းလျာ ပြုလုပ်ရောင်းချရန်အတွက် ၎င်းတို့၏ ဆူးတောင်ရယူရန် ကမ္ဘာတစ်ဝန်းတွင် ဖမ်းဆီးကြခြင်းကြောင့် ကောင်ရေမြောက်မြားစွာ သေကျေပျက်စီးခဲ့ရခြင်းဖြစ်ကြောင်း ကြားသိရသည်။



ငါးမန်းကွဲချို

### ကောင်ရေကျဆင်းလာ

မှတ်တမ်းများအရ လွန်ခဲ့သော နှစ်ပေါင်း ၃၀ အတွင်း ကမ္ဘာတစ်ဝန်းတွင် ငါးမန်းကောင်ရေ ၇၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအထိ ကျဆင်းလာနေကြောင်း သိမှတ်ရသည်။

အချုပ်အားဖြင့်ဆိုရပါလျှင် ငါးမန်းမျိုးစိတ်ပေါင်း ၅၈ မျိုး ရှင်သန်ကျက်စားနေသော မြန်မာ့ပင်လယ်ပြင်တစ်လွှား ငါးလုပ်ငန်းဦးစီးဌာန၏ ငါးဖမ်းလုပ်ငန်းရေရှည်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်အတွင်း ဒေသခံများ၏ ပါဝင်ထိန်းသိမ်းစောင့်ရှောက်မှုသည် အရေးပါလျက်ရှိရာ ပူးပေါင်းပါဝင်ကြရန် နှိုးဆော်သမှု ပြုလိုက်ပါရကြောင်း။ ။

❋ ကမ္ဘာ့ပင်လယ်ပြင်အတွင်း ငါးမန်းမျိုးစိတ် စုစုပေါင်း ၄၉၀ ခန့် ကျက်စားနေထိုင်လျက်ရှိရာ ယင်းအချက်သည်ပင် အဏ္ဏဝါဂေဟစနစ်၏ အနေအထား ကျန်းမာမှုကို ပြဆိုသော ညွှန်းကိန်းအဖြစ် ဖော်ပြနေ

❋ အဏ္ဏဝါဂေဟစနစ်တွင် အခရာကျသော ငါးမန်းများသည် အဏ္ဏဝါဂေဟစနစ်၏ မျှခြေကို ထိန်းသိမ်းပေးသော သတ္တဝါများပင်ဖြစ်




ငါးမန်းများ၏ အစာကွင်းဆက်။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဒီရေတောပေါက်ရောက်မှု သတ္တမအများဆုံးနှင့် အာရှဒေသရှိ ဒီရေတောပေါက်ရောက်မှု ပမာဏ တတိယအများဆုံးဖြစ်ကြောင်း သိရသည်။ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ၂၀၂၀ ပြည့်နှစ် အစီရင်ခံစာအရ မြန်မာ့ဒီရေတောများသည် မြန်မာနိုင်ငံ သစ်တောဖုံးလွှမ်းမှု ဧရိယာ၏ ၃ ဒသမ ၉ ရာခိုင်နှုန်း ၁၁၀၇၇၄၅ ဧကခန့်ရှိပြီး နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် အထောက်အကူပြုလျက်ရှိသည်။

မြန်လင်းမောင်


လန်ပိကျွန်း အဏ္ဏဝါအမျိုးသားဥယျာဉ်ဒေသရှိ ဒီရေတောများကို တွေ့ရစဉ်။

# ဒီရေတောဂေဟစနစ်များ ပြန်လည်ထူထောင်ရေး

**ဒီရေတောဂေဟစနစ် တစ်ခုတည်းကပင် မုန်တိုင်းများနှင့် ဆူနာမီကဲ့သို့သော ဘေးအန္တရာယ်များ၊ ရေလွှမ်းမိုးမှုနှင့် မြေဆီလွှာတိုက်စားမှုတို့ကို လျှော့ချပေးနိုင်သည့်အပြင် ကားအစီးရေ ၂ ဒသမ ၅ ဘီလီယံခန့်မှ တစ်နှစ်ပတ်လုံး ထုတ်လုပ်သော ကာဗွန်ဒိုင်အောက်ဆိုက် ပမာဏနှင့် ညီမျှသည့် ကာဗွန်ဒိုင်အောက်ဆိုက် တန်ချိန် ၃ ဒသမ ၁ ဘီလီယံအထိ စုပ်ယူသိုလှောင်နိုင်စွမ်းရှိ**

## အရှေ့တောင်အာရှ၏ ဒုတိယအကြီးဆုံး ဒီရေတော

မြန်မာနိုင်ငံတွင် အဓိက ဒီရေတောများ ရှင်သန်ပေါက်ရာ ဒေသများမှာ ဧရာဝတီတိုင်းဒေသကြီး၌ သမီးလှကျွန်း၊ ကဒုံကနိကျွန်း၊ တနင်္သာရီတိုင်းဒေသကြီး၌ လန်ပိကျွန်း၊ ရခိုင်ပြည်နယ်တွင် ဝန်ဗိုက် ဒီရေတောတို့မှာ ထင်ရှားသည်။ ရခိုင်ပြည်နယ်တွင် ဒီရေတော ဧရိယာ စုစုပေါင်း ၃၈၁၀၃၆ ဧကရှိပြီး အရှေ့တောင်အာရှဒေသ၏ ဒုတိယအကြီးဆုံး ဒီရေတောမှာ ရမ်းဗြဲမြို့နယ်ရှိ ဝန်ဗိုက် ဒီရေတောဖြစ်သည်။ သို့သော်လည်း ယင်းဒီရေတောမှာ လက်ရှိကာလ၌ စီးပွားရေးလုပ်ငန်းသုံး ထင်းထုတ်လုပ်ခြင်း၊ ငါးကန်နှင့် လယ်မြေတာတမံများ တိုးချဲ့မှုများပြားလာ၍ ဒီရေတောများ ပျက်စီးလာသဖြင့် အရေးပေါ် ထိန်းသိမ်းရန် လိုအပ်နေသည်။ ၂၀၀၇-၂၀၀၈ ခုနှစ် မှစတင်၍ ဒီရေတောထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ရာ ရမ်းဗြဲမြို့နယ်ရှိ ဝန်ဗိုက်ကြိုးဝိုင်းနှင့် မင်းကြောင်း ကြိုးပြင်ကာကွယ်တော အတွင်း ၂၀၁၆-၂၀၁၇ ခုနှစ်အထိ ဒီရေတောစိုက်ခင်း ဧက ၁၉၅၀ တည်ထောင် စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ခုနှစ်မှ ၂၀၂၆-၂၀၂၇ ခုနှစ်အထိ ၁၀ နှစ် စီမံကိန်းတွင် ဒီရေတော စိုက်ခင်း ဧက ၁၂၃၀ ထပ်မံတည်ထောင် စိုက်ပျိုးဆောင်ရွက်လျက်ရှိသည်။

## နည်းလမ်း မျိုးစုံဖြင့် ပြန်လည်တည်ထောင်

မြန်မာနိုင်ငံတွင် ဒီရေတောများကို နည်းလမ်းမျိုးစုံဖြင့် ပြန်လည်တည်ထောင်လျက်ရှိရာ ၂၀၂၁ ခုနှစ် ဇူလိုင်လအထိ ဒီရေတောစိုက်ခင်း ဧက ၂၆၉၉၀၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်း ၁၅၄၃၆ ဧက၊ ပုဂ္ဂလိကစိုက်ခင်း ၃၀၆၅ ဧက၊ ဓမ္မတာ မျိုးဆက်ခြင်း ဧက ၈၁၃၀၊ ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်သည့် ဒီရေတောစိုက်ခင်း ၁၀၃၄၈ ဧကတို့ကို ပြုစုပျိုးထောင်နိုင်ခဲ့ပြီးဖြစ်ကြောင်း သစ်တောဦးစီးဌာန၏ အချက်အလက်များအရ သိရသည်။

ကမ္ဘာပေါ်တွင် အပူပိုင်းဇုန် ကျရောက်သည့် ၁၁၈ နိုင်ငံ၌ ဒီရေတော အပင်မျိုးစိတ် ၁၀၀ ကျော်ရှိကြောင်း သိရသည်။ မြန်မာ့ဒီရေတောများတွင် အဓိကပေါက်ရောက်သည့် ဒီရေတော အပင်မျိုးစိတ်များမှာ ၁၀၀ ခန့်ရှိပြီး သမဲ့ကြီး၊ သမဲ့၊ ကန့်ဘလာ၊ ဖြူးခြေထောက်၊ ဖြူး၊ မဓမ၊ လမု၊ ကနစို၊ ဝါးကြိတ်လိမ်၊ ပင်လယ်အုန်း၊ ခရာ၊ ဓနိ တို့ အဓိကပါဝင်သည်။

## ကမ္ဘာ့ဒီရေတောများ

ကမ္ဘာပေါ်တွင် ဒီရေတော ဧရိယာ ဧက ၃၅ သန်းခန့်ရှိပြီး အာရှတိုက်တွင် အများဆုံး ၄၂ ရာခိုင်နှုန်း၊ အာဖရိက တိုက်တွင် ၂၁ ရာခိုင်နှုန်း၊ မြောက်နှင့် အလယ်အမေရိက ကာရေဗီယန် ကျွန်းဆွယ်ဒေသတို့၌ ၁၅ ရာခိုင်နှုန်း၊ သမုဒ္ဒရာများအတွင်းရှိ ကျွန်းစုများ၌ ၁၂ ရာခိုင်နှုန်းခန့်နှင့် တောင်အမေရိကတိုက်၌ ၁၁ ရာခိုင်နှုန်း ပေါက်ရောက်လျက်ရှိကြောင်း သိရသည်။

ဒီရေတောများသည် ရေချိုရေငန်စပ်ရှိရာ ကမ်းစပ်ဒေသ ရွှံ့နွံတောများ၌ ပေါက်ရောက်လေ့ရှိကာ ငါး၊ ပုစွန်နှင့် ရေနေသတ္တဝါတို့ သားပေါက်ခိုအောင်းရာ အရေးပါလှသည့် နေရာများဖြစ်ပြီး သဘာဝ ဘေးအန္တရာယ်များကိုပင် ကာကွယ်ပေးသည့်အပြင် ရေနေသတ္တဝါများ ရှင်သန်ပေါက်ပွား ခိုအောင်းရာ နေရာဖြစ်သောကြောင့် ဒီရေတောများသည် ၎င်းတို့အတွက် မရှိမဖြစ် လိုအပ်သော ဂေဟစနစ် အသိုက်အမြုံတစ်ခုလည်း ဖြစ်သည်။

ထို့အတူ သစ်ပင်သစ်တောများနှင့် ကောင်းမွန်သည့် သစ်တောဂေဟစနစ်များသည် လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို စုပ်ယူသိုလှောင်ထားနိုင်သည့် သိုလှောင်ကန်ကြီးများလည်း ဖြစ်သည့်အတွက် သစ်တောများ ပြန်လည်ထူထောင်ရေး လုပ်ငန်းသည် ကာဗွန်ဒိုင်အောက်ဆိုက်ကြောင့် ဖြစ်ပေါ်လာသည့် လေထု ညစ်ညမ်းမှုနှင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးအတွက်လည်း အလွန်အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ဒီရေတောဂေဟစနစ် တစ်ခုတည်းကပင် မုန်တိုင်းများနှင့် ဆူနာမီကဲ့သို့သော ဘေးအန္တရာယ်များ၊ ရေလွှမ်းမိုးမှုနှင့် မြေဆီလွှာတိုက်စားမှုတို့ကို လျှော့ချပေးနိုင်သည့်အပြင် ကားအစီးရေ ၂ ဒသမ ၅ ဘီလီယံခန့်မှ တစ်နှစ်ပတ်လုံး ထုတ်လုပ်သော ကာဗွန်ဒိုင်အောက်ဆိုက် ပမာဏနှင့် ညီမျှသည့် ကာဗွန်ဒိုင်အောက်ဆိုက် တန်ချိန် ၃ ဒသမ ၁ ဘီလီယံအထိ စုပ်ယူသိုလှောင်နိုင်စွမ်း ရှိသည်။

ဒီရေတော တစ်ဟက်တာသည် တစ်နှစ်လျှင် ကာဗွန်မက်ထရစ်တန် ၁၇ တန်ခန့်ကို စုပ်ယူထိန်းသိမ်းထားနိုင်သည်ဖြစ်၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် များစွာ အသုံးဝင်သော သစ်တောအမျိုးအစား ဖြစ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသည့် အဖိုးတန် သယံဇာတ အရင်းအမြစ်များ၊ သစ်ပင် သစ်တောများကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် ထိန်းသိမ်းကာကွယ် သွားကြရမည် ဖြစ်ပေသည်။ ။




ကိုးကား -
(၁) သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန
(၂) Worldview International Foundation
(၃) ဒီရေတောများနှင့် ငါး၊ ပုစွန်၊ နိုင်ဝင်းသိန်း(ငါးဦးစီး)

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် မြင်းစီးပြိုင်ပွဲများကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် အဖွဲ့ချုပ်ဖလား မြင်းစီးအားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် အားကစားကွင်း၌ ကျင်းပသည်။



အဆိုပါ မြင်းစီးအားကစား ပထမနေ့ပြိုင်ပွဲများတွင် မြန်မာ့ရိုးရာ ဒုန်းစီးအငယ်တန်းပွဲစဉ်လေးပွဲ၊အလတ်တန်းပြိုင်ပွဲ ပွဲစဉ်နှစ်ပွဲ၊ ရိုးရာအသားကျပွဲစဉ်နှစ်မျိုး ကျင်းပသည်။

"ဒီပြိုင်ပွဲကို သုံးလလောက်ကြိုတင်ပြင်ဆင်ခဲ့ရတယ်။ ရိုးရာမြင်းစီးပြိုင်ပွဲအပြင် နိုင်ငံတကာမြင်းစီးအလှ၊ တန်းခုန်မြင်းစီးပြိုင်ပွဲတို့ သရုပ်ပြသသွားမှာဖြစ်ပါတယ်။ နောက်လထဲမှာ ပြိုင်ပွဲတွေ ထပ်လုပ်သွားပါမယ်။ ၂၀၂၆ ခုနှစ် ထိုင်းနိုင်ငံဆီးဂိမ်းမှာ မြင်းစီး ထည့်သွင်းကျင်းပမယ်။ နိုင်ငံတကာပြိုင်ပွဲမှ စိတ်ဝင်စားတဲ့ မြင်းမာရသွန်ကီလိုမီတာ ၈၀ စစီးရတဲ့ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်တဲ့ ပြိုင်ပွဲတွေလုပ်သွားမယ်။ ဒါကြောင့် နေပြည်တော်မှာရှိတဲ့ မြင်းကွင်းမှာ စခန်းသွင်းပြီးပြင်ဆင်ထားမယ်။ ထိုင်းနဲ့ပြိုင်ပွဲတွေစီစဉ်သွားပါမယ်"ဟုမြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်က ပြောသည်။

အဆိုပါ မြင်းစီးပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွင်းရှိ မြင်းစီးအားကစားသမား ၄၀ ခန့်ဝင်ရောက် ယှဉ်ပြိုင်ကြသည်။ ဇန်နဝါရီ ၄ ရက်တွင် မြန်မာ့ရိုးရာ အသားကျပြိုင်ပွဲ၊ အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်းနှင့် အထူးတန်းဒုန်းစီး ဗိုလ်လုပွဲပြိုင်ပွဲများ ကျင်းပမည်ဖြစ်သည်။

**အာကာစိုး၊ ဓာတ်ပုံ - တင်စိုး**

# AFF Cup ပြိုင်ပွဲ အုပ်စု (ခ) နောက်ဆုံးပွဲ ဗီယက်နမ်နှင့် မြန်မာ၊ မလေးရှားနှင့် စင်ကာပူ ယနေ့ကစားမည်

**ရန်ကုန် ဇန်နဝါရီ ၂**

၂၀၂၂ AFF Cup ပြိုင်ပွဲ အုပ်စု (ခ) နောက်ဆုံးနေ့အဖြစ် ဗီယက်နမ်နှင့် မြန်မာ၊ မလေးရှားနှင့် စင်ကာပူအသင်းတို့ ဇန်နဝါရီ ၃ ရက် **(ယနေ့)** ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ယှဉ်ပြိုင်ကစားမည်**

အုပ်စု (ခ) နောက်ဆုံးနေ့အဖြစ် ဇန်နဝါရီ ၃ ရက် **(ယနေ့)** ည ၇ နာရီတွင် ဗီယက်နမ်နိုင်ငံ ဟန္တိုင်းမြို့ရှိ မိုင်ဒင်းကွင်း၌ ဗီယက်နမ်အသင်းနှင့် မြန်မာအသင်း၊ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ ဘူကစ်ဂျာလီကွင်း၌ မလေးရှားအသင်းနှင့် စင်ကာပူအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တက်ရောက်ခွင့်မရှိတော့ဘဲ ဂုဏ်သိက္ခာအတွက်သာ ကစားရမည်ဖြစ်ကာ ဗီယက်နမ်၊ စင်ကာပူနှင့် မလေးရှားအသင်းတို့မှာ ဆီမီးဖိုင်နယ်တက်ရောက်ရန် အခွင့်အရေးရှိနေသည်။ အုပ်စု (ခ) တွင် ဗီယက်နမ်နှင့် စင်ကာပူအသင်းက ခုနစ်မှတ်စီ၊ မလေးရှားအသင်းက ခြောက်မှတ်၊ မြန်မာအသင်းက တစ်မှတ်ရထားပြီး ပွဲကုန်ကစားထားသည့် လာအိုအသင်းမှာမူ တစ်မှတ်ဖြင့် အုပ်စုမှထွက်ရပြီဖြစ်သည်။

ဗီယက်နမ်အသင်းနှင့် မြန်မာအသင်းတို့၏ ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ဇန်နဝါရီ ၂ ရက်က ဗီယက်နမ်နိုင်ငံ၌ကျင်းပရာ နှစ်ဖက်အသင်းနည်းပြချုပ်နှင့် ကစားသမားများ တက်ရောက်သည်။

**အားသာချက်၊ အားနည်းချက်ရှိ**

မြန်မာအသင်း နည်းပြချုပ် အန်တွမ်နီဟေးက "အုပ်စုတွင်းမှာ အသင်းတွေက သူ့အားသာချက် အားနည်းချက်ကိုယ်စီရှိကြပြီး ကွာခြားချက်ကြီးကြီးမားမားမရှိကြပါဘူး။ ဗီယက်နမ်အသင်းက အသင်းကောင်းတစ်သင်းဖြစ်ပြီး သူတို့အသင်းမှာ အားသာချက်ရှိသလို အားနည်းချက်လည်း ရှိပါတယ်။ ကျွန်တော်တို့အသင်းကလည်း ပြီးခဲ့တဲ့သုံးပွဲမှာ ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ ဖန်တီးခွင့်တွေ အများကြီးလုပ်ခဲ့တာပဲ။ ကောင်းမွန်တဲ့အချက်တွေ အများကြီးရှိပါတယ်။ အလားတူပဲ နိုင်ပွဲအတွက် လိုအပ်တဲ့ ဂိုးမရယူနိုင်ခဲ့သလို ဂိုးပေးခဲ့ရတဲ့ အားနည်းချက်တွေ ရှိပါတယ်။ အခုအခြေအနေမှာတော့ အုပ်စုတက်ခွင့်မရတဲ့အတွက် ဝမ်းနည်းစရာပါ။ အသင်းအနေနဲ့ တည်ဆောက်ဆဲကာလလို့ ပြောရမယ့်အနေအထားပါ။ ရှေ့ဆက်ပြီးလည်း ဆီးဂိမ်း အပါအဝင် အိုလံပစ်၊ အာရှခြေစစ်ပွဲတွေ၊ နိုင်ငံတကာခြေစမ်းပွဲတွေ အများကြီး ယှဉ်ပြိုင်ရဖို့ ရှိနေပါတယ်။ ကျွန်တော်တို့မှာ ယူ ၂၃၊ ယူ ၁၉ စတဲ့ မျိုးဆက်သစ်အလားအလာရှိတဲ့လူငယ်တွေ ရှိနေပါတယ်။ နောက်ပိုင်းမှာ တစ်ဆင့်ချင်း ပြောင်းလဲရမှာတွေလည်း ရှိပါတယ်" ဟု ပြောသည်။

တိုက်စစ်မှူးအောင်ကောင်းမာန်က "ပြီးခဲ့တဲ့ သုံးပွဲစလုံးမှာ ကျွန်တော်တို့အသင်း ဘယ်လိုကစားခဲ့တယ်ဆိုတာကို အားလုံးအမြင်ပဲ ဖြစ်ပါတယ်။ ပွဲတိုင်းကို ကျွန်တော်တို့ ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ စိုးမိုးပြီး ကစားသွားနိုင်ခဲ့တယ်။ ဂိုးရဖို့ အခွင့်အရေးတွေလည်း ဖန်တီးနိုင်ခဲ့တယ်။ ကံမကောင်းစွာနဲ့ပဲ ကျွန်တော်တို့ ဂိုးတွေ ရသင့်သလောက် မရဘဲနဲ့ အသင်းရလဒ်မကောင်း ဖြစ်ခဲ့ရပါတယ်" ဟု ပြောကြားခဲ့သည်။

**ရဲရင့်လွင်**

# တာချီလိတ်မြို့နယ်၌ ငွေကျပ်သိန်း ၁၀၀၀ ကျော်တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း (ကဖင်း) ၁ ဒသမ ၃၅ တန် ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၌ ငွေကျပ်သိန်း ၁၀၀၀ ကျော်တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း(ကဖင်း) ၁ ဒသမ ၃၅ တန် ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ၂၈ ရက် မွန်းတည့် ၁၂ နာရီတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မယ်ယန်း ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် တာချီလိတ်မှ ကျိုင်းတုံဘက်သို့ စိုင်းဆန်ခေးမောင်းနှင်ပြီး စိုင်းလှိုင်းပန်လိုက်ပါလာသည့် Nissan ၁၂ ဘီး မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ အုတ်ကြွပ် အမိုးပြားများဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၁၀၀၀ ကျော် တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း(ကဖင်း) ၁ ဒသမ ၃၅ တန်၊ မွှေစက်အကြီး နှစ်လုံးနှင့် အသေးနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိထိန်းချုပ်ဓာတုပစ္စည်း (ကဖင်း) များအား မဲခေါင်မြစ်ကြောင်းမှတစ်ဆင့် တာချီလိတ်မြို့နယ်သို့ ရောက်ရှိပြီး ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၂ AFF Cup ပြိုင်ပွဲ အုပ်စု (က) တွင် လက်ရှိချန်ပီယံ ထိုင်းနှင့် အင်ဒိုနီးရှား ဆီမီးဖိုင်နယ်တက်ရောက်

**ရန်ကုန် ဇန်နဝါရီ ၂**

၂၀၂၂ AFF Cup ပြိုင်ပွဲ အုပ်စု (က) နောက်ဆုံးနေ့ကို ဇန်နဝါရီ ၂ ရက်က ထိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံတို့၌ ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ထိုင်းနှင့် အင်ဒိုနီးရှားအသင်း ဆီမီးဖိုင်နယ် တက်ရောက်သွားသည်။ နောက်ဆုံးနေ့တွင် ထိုင်းက ကမ္ဘောဒီးယားကို အိမ်ကွင်း၌ သုံးဂိုး-တစ်ဂိုး၊ အင်ဒိုနီးရှားက ဖိလစ်ပိုင်ကို အဝေးကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

အင်ဒိုနီးရှားအသင်းမှာလည်း ဆီမီးဖိုင်နယ်တက်ရောက်ခွင့်အတွက် လိုအပ်နေသည့် အနိုင်သုံးမှတ်ကို အဝေးကွင်းတွင် ဖိလစ်ပိုင်ကို အနိုင်ယူပြီး ရယူနိုင်ခဲ့သည်။ အင်ဒိုနီးရှားအသင်းအတွက် ဂိုးများကို ၂၁ မိနစ်တွင် ဆူလီဆာတာရာဝမ်၊ ၄၃ မိနစ်တွင် ဖာဒင်နန်တို့က သွင်းယူခဲ့ပြီး ဖိလစ်ပိုင်အသင်းအတွက် ချေပဂိုးကို ၈၃ မိနစ်တွင် ရမ်မူဆင်က သွင်းယူခဲ့သည်။ ထိုင်းအသင်းသည် ကမ္ဘောဒီးယားအသင်း၏ ရုန်းကန်မှုကြောင့် အိမ်ကွင်း၌ အနိုင်ရရှိရေးခက်ခဲခဲ့သည်။ ထိုင်းအသင်းအတွက် အနိုင်ဂိုးများကို ၄၅+၁၊ မိနစ် ၉၀ တွင် ဒန်ဒါ၊ မိနစ် ၅၀ တွင် ဆူမန်ရာတို့က သွင်းယူပြီး ကမ္ဘောဒီးယားအတွက် ချေပဂိုးတစ်ဂိုးကို ၆၈ မိနစ်တွင် ချန်သာက သွင်းယူခဲ့သည်။

အုပ်စု (က) ပွဲစဉ်များအပြီးတွင် ထိုင်းနှင့် အင်ဒိုနီးရှားအသင်းတို့က သုံးပွဲနိုင်၊ တစ်ပွဲသရေ ရမှတ် ၁၀ မှတ်စီတူညီခဲ့သော်လည်း ဂိုးကွာခြားချက်ဖြင့် ထိုင်းအသင်းက အုပ်စုပထမ၊ အင်ဒိုနီးရှားအသင်းက အုပ်စုဒုတိယရရှိသည်။ ခြောက်မှတ်ရသည့် ကမ္ဘောဒီးယားအသင်း၊ သုံးမှတ်ရသည့် ဖိလစ်ပိုင်အသင်းနှင့် လေးပွဲစလုံးရှုံးသည့် ဘရူနိုင်းအသင်းတို့မှာမူ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

**ရဲရင့်လွင် ၊ ဓာတ်ပုံ - FAT**



# ပီအက်စ်ဂျီတို့ လန်းစ်နှင့်ပွဲစဉ်တွင် ယခုနှစ်ရာသီ လီဂူးဝမ်း ပထမဆုံး ရှုံးပွဲကြုံတွေ့

လီဂူးဝမ်း ပွဲစဉ် (၁၇) မှ ဇန်နဝါရီ ၂ ရက် နံနက် ၂ နာရီ ၁၅ မိနစ်တွင် ယှဉ်ပြိုင်ကစားခဲ့သည့် အဆင့် (၂)မှ လန်းစ်နှင့် အဆင့် (၁) မှ ပီအက်စ်ဂျီအသင်းတို့ပွဲစဉ်တွင် လန်းစ်အသင်းက သုံးဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယခုနှစ်ရာသီတွင် ခြေစွမ်းပြကာ ရလဒ်ကောင်းရရှိနေသည့် လန်းစ်အသင်းသည် ဦးဆောင်သူ ပီအက်စ်ဂျီအသင်းကို မတ်လနောက်ပိုင်း ပထမဆုံး ရှုံးပွဲကြုံတွေ့စေခဲ့သည်။ ထို့အပြင် ဦးဆောင်သူ ပီအက်စ်ဂျီအသင်းနှင့် ရမှတ်ကွာဟမှု လေးမှတ်သာ ရှိတော့သည်။ ပီအက်စ်ဂျီအသင်းသည် ယခင်ပွဲစဉ်တွေက ခြေစွမ်းမျိုးပြသနိုင်ခြင်းမရှိဘဲ လန်းစ်အသင်း၏ ဖိအားပေးကစားမှုကြောင့် အပေးအယူအချိတ်အဆက်ပိုင်း ဟန်ချက်ပျက်နေခဲ့ပြီး အဆုံးသတ်ပိုင်း၊ ချဉ်းကပ်မှုပိုင်းမှာလည်း လိုအပ်ချက်ရှိနေသည့်အတွက် ဂိုးပြတ်ရှုံးပွဲနှင့် ကြုံတွေ့ခဲ့ခြင်း ဖြစ်သည်။

ပွဲချိန် ငါးမိနစ်တွင် ဖရန်ကောစကီးက လန်းစ်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးသည်။ ပီအက်စ်ဂျီ အသင်းကလည်း ဦးဆောင်ဂိုးခွင့်ပြု ပေးလိုက်ရပြီးနောက် ချေပဂိုးရရှိရေး ကြိုးစားလာခဲ့ရာ ပွဲချိန် ရှစ်မိနစ်တွင် ရရှိခဲ့ပြီး အီကီတိုက်က သွင်းယူပေးခဲ့သည်။ ထို့နောက်တွင် လန်းစ် အသင်းကသာ သွင်းဂိုးများရယူနိုင်ခဲ့ပြီး ပွဲချိန် ၂၈ မိနစ်တွင် အိုပင်ဒါနှင့် ပွဲချိန် ၄၈ မိနစ်တွင် ကလောက်ဒီတို့က သွင်းယူနိုင်ခဲ့သည်။

ယခုပွဲစဉ်ရှုံးနိမ့်မှုကြောင့် ပီအက်စ်ဂျီအသင်းက လီဂူးဝမ်း ၁၇ ပွဲ ကစားပြီး ရမှတ် ၄၄ မှတ်ဖြင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့ပြီး ပြိုင်ဘက်လန်းစ်အသင်းက ၁၇ ပွဲကစား ရမှတ် ၄၀ ဖြင့် ပီအက်စ်ဂျီအသင်းကို ထက်ကြပ်မကွာ ဖိအားပေးနိုင်ခဲ့သည်။

**အောင်ဇော်**

# နှစ်စဉ်မိုးရာသီ၌ ပြည်သူများရေကြီးရေလျှံမှုမှ ကာကွယ်နိုင်ရေး ဧရာဝတီမြစ်ကမ်းတစ်လျှောက် မြေထိန်းနံရံတည်ဆောက်နေမှု စစ်ဆေး

မြစ်ကြီးနား ဇန်နဝါရီ ၂

**ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ နှစ်စဉ်မိုးရာသီတွင် ဧရာဝတီမြစ်ရေ မြင့်တက်လာမှုနှင့် မိုးရွာသွန်းမှုများပြားသဖြင့် မြေနိမ့်ပိုင်းရပ်ကွက်များတွင် ရေကြီးရေလျှံမှုဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိသဖြင့် ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မြို့၏ ဧရာဝတီမြစ်ရိုးတစ်လျှောက် ရပ်ကွက်များအတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းစီမံကိန်းကို ဒီဇင်ဘာ ၃၁ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။**



ဦးစွာ မြေထိန်းနံရံ တည်ဆောက်ခြင်းစီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆောင်၌ မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက် နယ်မြေ (၉)နှင့် နယ်မြေ (၁၀)အတွင်း ဧရာဝတီမြစ်ရေတိုက်စားခြင်းမှ ကာကွယ်ရန်အတွက် စုစုပေါင်း အရှည် ၃၁၈၈ ပေကို အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုကို ပြည်နယ်စီးပွားရေးရာဝန်ကြီးဦးမျိုးဆွေ၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်တို့က လိုအပ်သည်များကို ပြည်နယ်တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးစိစစ်ရေးအဖွဲ့ဝင်များနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် အပိုင်း(၁)နှင့် အပိုင်း(၂)မြေထိန်းနံရံ တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း မြေသားပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းနှင့် Pine ရိုက်သွင်းစိုက်ထူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး နှစ်စဉ်မိုးရာသီတွင် ပြည်သူများရေကြီးရေလျှံမှုမှ ကာကွယ်နိုင်ရေးလုပ်ငန်း စီမံကိန်းဖြစ်သည့်အတွက် လုပ်ငန်းအရည်အသွေးပြည့်မီစွာ ဆောင်ရွက်သွားရေး၊ မြေပြင်အခြေအနေကို စနစ်တကျ ကွင်းဆင်းတိုင်းတာစစ်ဆေးပြီး ရပ်ကွက်နေပြည်သူများအား စည်းရုံးဆောင်ရွက်သွားရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် မြစ်ကြီးနားမြို့ ဈေး(၁)နှင့် (၂) ဈေးသူဈေးသားများ၏ ခရစ္စမတ်ပွဲတော်သို့ တက်ရောက်ပြီး ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက အေးမြသာယာမျက်မြင်ကျောင်းအတွက် ဆန် ၂၆အိတ်၊ ဆီပိဿာ ၅၀၊ ငွေကျပ် နှစ်သိန်းကိုလည်းကောင်း၊ ဈေးမီးသတ်တပ်ဖွဲ့ဝင်များအတွက် မီးသတ်ဝတ်စုံများနှင့် အနွေးထည်အင်္ကျီများ၊ ဈေးညစောင့် ၂၈ ဦးတို့အတွက် ဆန်အိတ်၂၈ အိတ်၊ ဆီ ၂၈ ပိဿာ၊ ခြုံစောင်နှင့် အနွေးထည်အင်္ကျီများကိုလည်းကောင်း၊ သန့်ရှင်းရေးဝန်ထမ်းများနှင့် ဈေးဌာနစိတ်ဝန်ထမ်းများအတွက် ဆန်၊ ဆီနှင့် အနွေးထည်အင်္ကျီများကိုလည်းကောင်း၊ ငွေကျပ် ၆၈ သိန်းကျော်တန်ဖိုးရှိ အိမ်ထောင်စုသုံးပစ္စည်းများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

အလားတူ ပြည်နယ်ဝန်ကြီးများသည် နံနက်ပိုင်းတွင် မြို့သန့်ရှင်းသာယာလှပရေးအတွက် ဌာနဆိုင်ရာများ၊ ရပ်ကွက်နေပြည်သူများ စုပေါင်း၍ မြစ်ကြီးနားမြို့ ခေမာသီရိရပ်ကွက် ရွှေတိဂုံပုံတူ စေတီတော်ဝင်းအတွင်းနှင့် ရွှေညောင်ပင်ရပ်ကွက် အမှတ် (၁၃) အခြေခံပညာ အထက်တန်းကျောင်းဝင်းနှင့် ကျောင်းပြင်ပတို့တွင် သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းပေးခြင်း၊ ရေမြောင်းများ ဆယ်ယူခြင်း၊ အမှိုက်များ ကောက်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

ပြည်နယ်

(ပြန်/ဆက်)

## အထက(၁)သန်လျင်မှ ဆရာ ဆရာမကြီးများအား အိမ်တိုင်ရာရောက်ပူဇော်ကန်တော့

**သန်လျင် ဇန်နဝါရီ ၂**

သန်လျင်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ သက်ပြည့်အငြိမ်းစား ဆရာ ဆရာမကြီး ၁၄၈ ဦးတို့အား (၃၇)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီက ဇန်နဝါရီ ၁ ရက် နှစ်သစ်မင်္ဂလာနေ့မှစ၍ အိမ်တိုင်ရာရောက် ငွေကျပ်တစ်သိန်းစီ ပူဇော်ကန်တော့ခဲ့ကြသည်။

ယင်းသို့ ပူဇော်ကန်တော့ရာတွင်(၃၇)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကျင်းပရေး နာယကဦးတင်ဝင်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးသိန်းဇော်ဦး၊ ဦးကြည်မင်း၊ အတွင်းရေးမှူး ဦးမောင်မောင်တိုးနှင့် အဖွဲ့ဝင်များသည် ဆရာ ဆရာမကြီးများ၏ နေအိမ်အရောက်သွားရောက်၍ ပူဇော်ကန်တော့ကြသည်။ ထို့တူ ပူဇော်ကန်တော့ပွဲကျင်းပရေး ဒုတိယဥက္ကဋ္ဌဦးကြည်မင်းကလည်း အာဟာရ၊ ဆေးဝါးနှင့် အမှတ်တရလက်ဆောင်များဖြင့် ပူဇော်ကန်တော့ကြသည်။

သန်လျင်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကန်တော့ခံ ဆရာ ဆရာမကြီးများအား အိမ်တိုင်ရာရောက် ပူဇော်ကန်တော့မည်ဖြစ်ကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**

## ကျိုင်းတုံမြို့ ကျိုင်းဖောင်းရေပူစမ်း၌ ဆောင်းရာသီကာလ လာရောက်အပန်းဖြေလည်ပတ်သူများဖြင့် စည်ကား

**ကျိုင်းတုံ ဇန်နဝါရီ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ကျိုင်းဖောင်းရေပူစမ်းသို့ ယခုတစ်ပတ်အတွင်း လာရောက်အပန်းဖြေ လည်ပတ်သူများ စည်ကားလျက်ရှိကြောင်း သိရသည်။



အဆိုပါ အပန်းဖြေစခန်းသည် တောင်ကြီး-ကျိုင်းတုံလမ်းဘေး ကျိုင်းဖောင်းချောင်းအနီး၌ သဘာဝအလျောက်တည်ရှိရာ ရေပူစမ်းတစ်ခုဖြစ်ပြီး တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက အများပြည်သူများ လာရောက်အပန်းဖြေစေရန် ဆောင်ရွက်ထားရှိကာ ဒေသထွက်အစားအစာများရောင်းချခြင်း၊ သဘာဝရေပူစမ်းဖြင့် ကြက်ဥ၊ ငုံးဥများ ပြုတ်စားခြင်း၊ သဘာဝရေပူစမ်းဖြင့် ရေချိုးခန်းများ ထားရှိခြင်းကြောင့် ယခုနှစ် ဆောင်းရာသီကာလအတွင်း အဆိုပါ ရေပူစမ်းကွင်းပြင်ရှိ မြက်ခင်းပြင်၌ ပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်အပန်းဖြေသူများ၊ အမှတ်တရ အလှဓာတ်ပုံရိုက်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## မင်းဘူး(စကု)မြို့နယ်၌ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**မင်းဘူး ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီးမှ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ကျေးလက်ဒေသရှိ အမျိုးသမီးများနှင့် ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁ ရက်က မင်းဘူး(စကု)မြို့နယ် ဖလံရုံကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ပပစိုးနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စိုးစိုးအိ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခိုင်ဇင်ဦးနှင့် အဖွဲ့ဝင်များက ကျေးရွာအတွင်းရှိ အဘိုးအဘွား ၁၅ ဦး၊ ကိုယ်ဝန်သည် ၁၀ ဦး၊ မသန်စွမ်းရှစ်ဦးတို့အား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက ဖလံရုံကျေးရွာအတွင်းမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များအား ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး ကျေးရွာအတွင်းမှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားကာ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇေယျာထက်(မင်းဘူး)**

## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် တံတားဦးမြို့နယ်၌ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကျင်းပ

**တံတားဦး ဇန်နဝါရီ ၂**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးအထိမ်းအမှတ် တံတားဦးမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းပြီး အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းက မြို့နယ်ပြည်သူ့စာကြည့်တိုက် လူထုဇာတ်ပြုခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဘိုမောင်က (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ စာရေးဆရာဟိန်းသန့်(အင်းဝ)က လွတ်လပ်ရေးကို ထိန်းသိမ်းတတ်စေရန်၊ လွတ်လပ်ရေးကို ချစ်မြတ်နိုးစေရန်အကြောင်းကိုလည်းကောင်း၊ စာရေးဆရာ ကိုခန့်(တံတားဦး)က လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပြိုင်ပွဲအတွက် အမှတ်ပေးစည်းမျဉ်းကို ပြောကြားပြီး တံတားဦးမြို့နယ် အခြေခံပညာကျောင်းများမှ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၅ ဦးက “ လွတ်လပ်ရေးအမွေ ထိန်းစို့လေ” ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပရာ မြို့နယ်ဦးစီးအရာရှိက ပထမ၊ ဒုတိယ၊ တတိယဆုရ ကျောင်းသား ကျောင်းသူများကိုလည်းကောင်း၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားမှူး ဒေါ်ငယ်သူထွန်းက အထူးဆုရ ကျောင်းသား ကျောင်းသူများကိုလည်းကောင်း၊ အမှတ်ပေးဒိုင်များက စာစီစာကုံးပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများကို အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ဟိုပုံးမြို့နယ်၌ ကလေးအလုပ်သမားများ လျော့နည်းပပျောက်စေရေး အကောင်အထည်ဖော် ကျောင်းနေအရွယ်ကလေးအားလုံး အခမဲ့ပညာသင်ကြားနိုင်ရေး အလေးထားဆောင်ရွက်

**ဟိုပုံး ဇန်နဝါရီ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ရှမ်းပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီနှင့် ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နောင်တောင်းပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ပြုလုပ်သည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးအောင်မြင့်က ကလေးငယ်များနှင့် လူငယ်များကို စီးပွားရေးအရ အမြတ်ထုတ်ခံရခြင်း၊ အန္တရာယ်ရှိသော လုပ်ငန်းခွင်များတွင် လုပ်ကိုင်ရခြင်းတို့မှ ကင်းလွတ်ပြီး မိသားစုအတွက် ပိုမိုကောင်းမွန်သည့် အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရေး အလေးထားဆောင်ရွက်ပေးရန်အတွက် သက်မွေးသင်တန်းများ ဖွင့်လှစ်ပေးရခြင်း ဖြစ်ကြောင်း၊ မြန်မာနိုင်ငံဟာ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့်အတွက် ကလေးအလုပ်သမားများ လျော့နည်းပပျောက်စေရေး အကောင်အထည်ဖော်ရာတွင် ကျောင်းနေအရွယ် ကလေးအားလုံး အခမဲ့ပညာ သင်ကြားနိုင်ရေး၊ ကလေးသူငယ်များကို ကူညီစောင့်ရှောက်ပေးမည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပိုမိုများပြားလာစေရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် ပြည်သူများကို ဗဟုသုတမျှဝေကာ ကလေးအလုပ်သမားပပျောက်ရေးအတွက် ပူးပေါင်းဆန့်ကျင်တိုက်ဖျက်ရေးစိတ်ဓာတ်များ ပေါ်ပေါက်လာစေရေး အလေးထားဆောင်ရွက်မှုတို့ကို ဟန်ချက်ညီညီ ဆောင်ရွက်နိုင်မှသာ အရွယ်မရောက်သေးသည့် ကလေးသူငယ်များ လုပ်ငန်းခွင်၌ လျော့နည်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။




ထို့ကြောင့် သင်တန်းသား သင်တန်းသူများအနေဖြင့် သက်မွေးပညာရပ် သင်ယူခွင့်ရခြင်းကို ဂုဏ်ယူစရာ၊ မြတ်နိုးစရာ၊ တန်ဖိုးထားစရာအဖြစ် မှတ်ယူကြရန် လိုအပ်ကြောင်း၊ သက်မွေးပညာသည် နိုင်ငံတိုးတက်ရန်အတွက် အဓိကမောင်းနှင်အားဖြစ်ပြီး နိုင်ငံတော်ကလည်း သက်မွေးပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် သက်မွေးပညာသင်တန်းကျောင်းများကို အားပေးထောက်ပံ့လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်လူမှုရေးရာဝန်ကြီးက သင်တန်းသား သင်တန်းသူများအတွက် စားသောက်စရိတ်များ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ရှမ်းပြည်နယ်ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင် အခွင့်အလမ်းဖန်တီးပေးရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ရှမ်းပြည်နယ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်မာအေးက သင်တန်းဆရာမများထံ သင်တန်းအထောက်အကူပြုပစ္စည်းများ ပေးအပ်သည်။ အဆိုပါသင်တန်းကို ဇန်နဝါရီ ၂ ရက်မှ ၇ ရက်အထိ သင်တန်းသူ ၂၀ ဖြင့် ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## စိန်ရတုလွတ်လပ်ရေး ဂန့်ဂေါမြို့နယ်၌ ရေပုတ်လမ်းသွယ် (၃)ကွန်ကရစ်လမ်းသစ်ဖွင့်

**ဂန့်ဂေါ ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၁)ရပ်ကွက် ရေပုတ်လမ်းသွယ်(၃) ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လွင်ဦးက မိမိတို့တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များအားလုံး မြို့အင်္ဂါရပ်နှင့်အညီဖြစ်စေရေး၊ မြို့တွင်းလမ်းများကို ပြည်သူများသွားလာရေးအဆင်ပြေစေရန်အတွက် ကွန်ကရစ်လမ်းသစ်များ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှ ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် အခြားကဏ္ဍများလည်း ပိုမိုကောင်းမွန်တိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လွင်ဦး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယ ဗိုလ်မှူးကြီး ရဲရန်ပိုင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးခိုင်ထွန်း၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးညဏ်ဦးနှင့် ဂန့်ဂေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အကျိုးတော်ဆောင် ဦးကြင်ဆွေတို့က ရေပုတ်လမ်းသွယ်(၃) ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အဆိုပါကွန်ကရစ်လမ်းသစ်သည် အလျား ၂၂၅ ပေ၊ အကျယ် ၁၂ ပေနှင့် ထု ရှစ်လက်မဖြစ်ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ်သိန်း ၉၀ ဖြင့် ဂန့်ဂေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်လုပ်ခဲ့ကြောင်း သိရသည်။

**ထင်အောင်နိုင်(ဂန့်ဂေါ)**

## နောင်ချိုမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဖွင့်

**နောင်ချို ဇန်နဝါရီ ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂ ရက်က အ.ထ.က(၁) ပတ္တမြားခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစည်သူလင်းက မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ ရည်မှန်းချက်တာဝန် (၄)ရပ်ဖြစ်သော မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေးဟူသော ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ပါဝင်ဆောင်ရွက်ရန် လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း၊ ယခုသင်တန်းသည် ပြီးပြည့်စုံသည်ဟု မဆိုနိုင်သော်လည်း စုစည်းမှုအင်အားတစ်ရပ်ကိုရရှိပြီး သင်တန်းကို အခြေခံကာ ပိုမိုတောင့်တင်းသည့်တပ်ဖွဲ့ဖြစ်အောင် ဆက်လက်စည်းရုံးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သင်တန်း၌ အခြေခံစစ်ရေးပြဘာသာရပ်၊ မီးသတ်ပညာဘာသာရပ်၊ ရှာဖွေကယ်ဆယ်ရေးဘာသာရပ်များကို သင်ကြားပေးမည်ဖြစ်ကြောင်း၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် မိမိတို့အား ပေးအပ်ထားသော ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ နည်းဥပဒေများကို ကောင်းစွာသိရှိနားလည်ပြီး ပြည်သူများက ယုံကြည်အားထား ရသော အရန်မီးသတ်တပ်ဖွဲ့ဝင်များဖြစ်အောင် ကြိုးစားစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သိန်းဝင်းတို့က သင်တန်းသားများအား ဝတ်စုံများ ပေးအပ်ခဲ့ကြောင်းနှင့် သင်တန်းသို့ သင်တန်းသား ၅၀ တက်ရောက်ခဲ့ကြောင်း၊ သင်တန်းမှူးအဖြစ် မီးသတ်ဦးစီးအရာရှိ ဦးအောင်ကျော်လင်းက ဆောင်ရွက်ပြီး သင်တန်းနည်းပြငါးဦးဖြင့် သင်တန်းကို ရက်ပေါင်း ၂၀ ကြာ ပို့ချမည်ဖြစ်ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

**ထွေးငယ်**
**(ပြန်/ဆက်)**

## မော်တော်ယာဉ်တွင် မီးအပိုတပ်ဆင် အသုံးပြုခြင်းမရှိစေရေး အသိပေးနှိုးဆော်ချက်

၁။ မော်တော်ယာဉ်များတွင် မီးတပ်ဆင်ခြင်း၊ အသုံးပြုခြင်းနှင့် စပ်လျဉ်း၍ ၂၀၂၂ ခုနှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု နည်းဥပဒေများ၊ နည်းဥပဒေ ၄၆ နှင့် နည်းဥပဒေ ၄၇ တို့တွင် ပြဌာန်းထားပြီး ဖြစ်ပါသည်။

၂။ အချို့သောမော်တော်ယာဉ်များသည် မူလထုတ်လုပ်စဉ်ကတပ်ဆင်ထားသောမီးများနှင့် ဥပဒေအရ ခွင့်ပြုထားသော မီးများအပြင် မော်တော်ယာဉ်၏ အရှေ့၊ အပေါ်၊ အောက်၊ ဘေး(ဘယ်၊ ညာ) နှင့် အနောက်တို့တွင် မီးအပိုတပ်ဆင် အသုံးပြုလျက်ရှိခြင်း၊ မော်တော်ယာဉ်ငယ်များတွင် အလှဆင်မီးများ တပ်ဆင်ခြင်းကြောင့် အခြားမော်တော်ယာဉ်မောင်းနှင်သူနှင့် လမ်းအသုံးပြုသူများကို အနှောင့်အယှက်ဖြစ်စေကာ ယာဉ်မတော်တဆမှုနှင့် ယာဉ်အန္တရာယ်များ ဖြစ်ပွားစေနိုင်ကြောင်း တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း မော်တော်ယာဉ်များတွင် ဥပဒေအရ သတ်မှတ်ခွင့်ပြုထားသောမီးများမှအပ မီးအပိုတပ်ဆင်ခြင်း မပြုကြပါရန်နှင့် လိုက်နာခြင်းမရှိက ၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး နှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်
ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၃၊ မြေကွက်အမှတ်-၁၄၉ ၊ ဧရိယာ- ၀. ၀၅၅ ဧက ရှိ နှစ် (၆၀) မြေငှားဂရန်မြေကွက်သည် ဒေါ်စီစီလျာပန်းဒုတ် (CC-၀၄၆၅၈၃) ၏ အမည်ပေါက်သော မြေကွက်ဖြစ်ပြီး၊ ဒေါ်စီစီလျာပန်းဒုတ် ကွယ်လွန်ပြီးနောက် တစ်ဦးတည်းသောသမီးဖြစ်သူ နော်စေးလွယ်ဖော (၁၂/ပဘတ (နိုင်) ၀၀၁၄၆၇) မှ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး တဖန် အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၄၃) ရပ်ကွက်၊ အေးရိပ်သာလမ်း၊ အမှတ်- ၁၄၉ ဟုခေါ်တွင်သည့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို နော်စေးလွယ်ဖော ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်အဆက်အစပ်များဖြင့် အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေများပေးချေဝယ်ယူထားဆဲဖြစ်ပြီး၊ ပြန်လည်ရောင်းချခြင်းဖြင့် စီမံခန့်ခွဲအကျိုးခံစားခွင့်ရှိသူ ဦးရဲနောင် (၁၂/ဥကတ (နိုင်) ၁၁၉၅၂၁) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မြေနှင့်အိမ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထား၊ မူရင်းစာချုပ်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဝယ်ယူသူ ၏ ညွှန်ကြားချက်အရ
**ဒေါ်ခင်ချောသူ (LL.B., LL.M., M.Res.)**
တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၁၂)
အမှတ်- ၁၅/F ၊ ဓမ္မစေတီလမ်းနှင့် မဟာဘောဂလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၇၈၈၉၉၉၈၀၆၊ ၀၉-၂၅၃၀၉၉၁၃၅။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65ယ/84240, Honda Wave 100 M/C ယာဉ် လက်ဝယ်ရှိသူ ဦးသန့်ဇင်ဦး ၁၄/မအပ(နိုင်)၃၃၄၀၈၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ် ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ဖျာပုံ)

## သွေးသည် အသက်

## အများသိစေရန် အသိပေးကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ လားရှိုး(၃)လမ်း၊ အမှတ်(၅၂၀၈)နေ ဒေါ်မဲ(ဘ)ဦးရွှင် ၉/ရမသ(နိုင်) ၂၇၁၁၅၀ ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အသိပေးကြေညာ အပ်ပါသည်။

ဦးရွှင်-ဒေါ်ပုတို့မှ မွေးဖွားခဲ့သည့် သားသမီးများအနက် ဒေါ်မဲသည် အိမ်ထောင်မရှိ အပျိုကြီးတစ်ဦးဖြစ်ပြီး ယခုအခါ ၎င်းအနေဖြင့် အပတိဋ္ဌ သမီးအဖြစ် ခေါ်ယူမွေးစားထားသော တူမဖြစ်သူ ဒေါ်စန္ဒာဝင်းအား နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အမွေစားအမွေခံ ကိတ္တိမသမီးအဖြစ် မှတ်ပုံတင်စာချုပ်အမှတ် IV ၈၉၇/၂၀၂၂ဖြင့် (၁၆-၁၂-၂၀၂၂)ရက်က ပြုလုပ်ခဲ့ မွေးစားထားပြီးဖြစ်ပါသည်။ အဆိုပါအမွေစားအမွေခံ ကိတ္တိမသမီးအဖြစ် မွေးစားခြင်း စာချုပ်အရ ဒေါ်စန္ဒာဝင်း ၁၃/လလန(နိုင်) ၀၇၃၅၀၅သည် ဒေါ်မဲ၏ တရားဝင် အမွေဆက်ခံခွင့်ရှိသူ သမီးအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ဒေါ်မဲအနေဖြင့် ယခင်က ၎င်းပိုင်ပစ္စည်းအနက်မှ တရားမဝင် လွှဲပြောင်းပေးအပ်ထားမှုများကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းပါကြောင်းနှင့် ကိတ္တိမသမီးဖြစ်သူ ဒေါ်စန္ဒာဝင်း အနေဖြင့် ဒေါ်မဲ၏ အမွေရပိုင်ဆိုင်သည့် မြေအားလုံးနှင့်အခြားရွှေ့ပြောင်းနိုင်သည့်ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများတွင် ဒေါ်မဲ၏ သဘောတူခွင့်ပြုချက်ဖြင့် စီမံဆောင်ရွက်လုပ်ကိုင်သွားမည်ဖြစ်ပြီး နှောင့်ယှက်ဟန့်တားနေသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မဲ၏ လွှဲအပ်ချက်အရ-
ဦးဇွန်ပိုင်ဝင်း(LL.B)
အထက်တန်းရှေ့နေ(စဉ်-၅၀၂၂၀/၂၀၁၈)
အမှတ်(မ-၆၈၅)၊ ရန်-မန်းလမ်း၊ မြဝတီရပ်ကွက်၊ တပ်ကုန်းမြို့၊
ဖုန်း-၀၉-၄၀၀၄၃၈၆၄၈

# ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်၊ ဘဲ၊ ငုံးခြံများတွင် အဆိုပါရောဂါ ကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျ မြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊
(၂) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(၃) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူနှင့် ယာဉ်အဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊
(၄) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပုရွက်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊
(၅) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက ပါးစပ်နှင့်နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊
(၆) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့်လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊
(၇) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊
(၈) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေး အဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ကျေးလက်လမ်းလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သည့် အောက်ပါစက်ယန္တရား(၃)မျိုးကို မြန်မာကျပ်ငွေဖြင့် ဌာနအရောက် အိတ်ဖွင့်တင်ဒါခေါ်၍ ဝယ်ယူလိုပါသည်-

(က) Motor Grader(14)Ton (1)No Europe/USA/ Japan/Korea/China Lot–1
(ခ) Excavator(Crawler)(20 Ton) with Hydraulic Breaker Line (1) No ။ Lot–2
(ဂ) Mini Excavator(8)Ton (2) Nos ။ Lot–3

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၅-၁-၂၀၂၃ရက်မှ ၁၇-၁-၂၀၂၃ရက်အထိ
၃။ **တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်/အချိန်** - ၂၀-၁-၂၀၂၃ရက်၊ (၁၄:၀၀)နာရီ
၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - အကြောင်းကြားဆက်သွယ်ပါမည်။
၅။ **တင်ဒါဖွင့်မည့်နေရာ** - ရုံးအမှတ်(၁၁)၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနရုံးချုပ်၊ အစည်းအဝေးခန်းမဆောင်
၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်-

**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)**
**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖြည့်တင်းရေးဌာနခွဲ-၀၆၇-၃၄၀၇၈၄၅၊**
**စက်မှုဌာနခွဲ-၀၆၇-၃၄၀၇၈၃၁၊ ၀၉-၄၅၂၆၄၄၃၀၄**

၂၀၂၀ ပြည့်နှစ်၊ လူမွဲခံယူခြင်းဆိုင်ရာဥပဒေနှင့်
THEMIS TRAVELS & TOURS CO.,LTD.
(အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်၊ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)
လူမွဲခံယူခြင်းဆိုင်ရာဥပဒေ၏ ပုဒ်မ ၁၄၇၊ ၁၅၂ နှင့် လူမွဲခံယူခြင်းဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၉ နှင့် ၁၅ (ခ) အရ

THEMIS TRAVELS & TOURS CO.,LTD. (အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းဆဲ) ၏ အထွေထွေ အစည်းအဝေးကို (၂၉. ၁၂. ၂၀၂၂) ရက်နေ့တွင် ကျင်းပပြုလုပ်ပြီး အောက်ပါအထူးဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည် -

၁။ Insolvency Law အရ ကုမ္ပဏီအား အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်၊
၂။ အမှတ် (၅)၊ ဖွံ့ဖြိုးရေး (၈)လမ်း၊ အမှုထမ်းရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီးတွင် တည်ရှိသော Biz Law Consult Myanmar Co.,Ltd မှ Vice-Managing Partner ဖြစ်သူ ဒေါ်ဗေရယ်စိုး (LL.B, D.B.L, DL.101 (WIPO Switzerland) Myanmar, Association of Insolvency Practitioners (MAIP) Member No-00157)၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်-(၁၄/ဟသတ (နိုင်) ၂၂၃၅၈၁) ကို THEMISTRAVELS&TOURS CO.,LTD. ၏ စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိအဖြစ် ခန့်အပ်ရန်နှင့် ၎င်းအား ကုမ္ပဏီ၏စာရင်းရှင်းလင်း ဖျက်သိမ်းရေးဆိုင်ရာကိစ္စအရပ်ရပ်များကို လိုအပ်သည်ဟုယူဆသည့် အတိုင်းအတာနှင့် ကာလအထိ လိုအပ်သလို ဆောင်ရွက်ရန်အတွက် တာဝန်လွှဲအပ်ရန်၊

THEMIS TRAVELS & TOURS CO.,LTD.၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းဆဲ

## ဒေါ်မိုးသီတာ၁၂/ဗဟန(နိုင်)၀၂၉၇၆၀နှင့် သက်ဆိုင်သူများ သိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်ဇော်အောင် ၁၂/လမတ(နိုင်)၀၀၁၃၁၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ဒေါ်မိုးသီတာသည် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ယခင်ကွင်းအမှတ်-၄၈၆၊ ဦးပိုင်အမှတ်-ခ/၈၀/၂၊ ဆင်ဖုံတောင်ကျေးရွာရှိ မြေကေ-တစ်ကေတိတိကို ပလပ်မြေဖြစ်ပြီး ၎င်းအနေဖြင့် အရှုပ်အရှင်းကင်းစွာဖြင့် စိတ်တိုင်းကျ စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် မြေကွက်ဖြစ်ကြောင်း အဆိုပြု၍ ဝယ်ယူသူပိုင်ရေးဆိုင်ခွင့်ရရှိအောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကတိပြုပြီး ရောင်းချခဲ့သဖြင့် ဦးဇော်ဇော်အောင်မှ ၂၅-၃-၂၀၁၄ ရက်စွဲပါ စာချုပ်ဖြင့် ဝယ်ယူခဲ့ရာတွင် ရောင်းသူအနေဖြင့် ဒေါ်မိုးသီတာမှ လက်မှတ်ရေးထိုး၍ အရောင်းအဝယ်ပြုလုပ်ခဲ့ကြပါသည်။ ဝယ်ယူသူ ဦးဇော်ဇော်အောင်ဘက်မှ မိမိ၏အမည်ပေါက် ပိုင်ရေးဆိုင်ခွင့်ရရှိရန် စောင့်ဆိုင်းနေခဲ့ရာ နောက်ဆုံးစုံစမ်းသိရှိရသည်မှာ ယင်းမြေကွက်သည် အစိုးရပိုင် (ပလပ်မြေ)ဖြစ်ကြောင်းနှင့် ဦးဇော်ဇော်အောင် ပိုင်ရေးဆိုင်ခွင့်မရရှိနိုင်ကြောင်း စုံစမ်းသိရှိရပါသည်။

အထက်ပါအခြေအနေကြောင့် ဒေါ်မိုးသီတာမှ ရောင်းသူအဖြစ် လက်မှတ်ရေးထိုး ရောင်းချခဲ့သောမြေကွက်သည် မိမိပိုင်ရေးဆိုင်ခွင့်ဖြင့် စီမံခန့်ခွဲခွင့်မရှိသော မြေကွက်အား မမှန်မကန်ပြောဆိုရောင်းချခဲ့သည့်အခြေအနေ ဖြစ်ပေါ်နေပါသောကြောင့် ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ဆက်သွယ်၍ ဖြေရှင်းပေးရန်နှင့် ဖြေရှင်းပေးခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်မိုးသီတာနှင့် သက်ဆိုင်သူများ အားလုံးသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးဇော်ဇော်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထင်လင်းနိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ စဉ် - ၇၁၁၂ (၁၀-၁၂-၂၀၀၂)**
**ဖုန်း-၀၉၅၀၃၉၃၀၆၊ ၀၉-၇၈၅၀၃၉၃၀၆**

## အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၁၁၀ဧကရှိ မြေကွက်အမှတ် (ပ-၂၁၇၂၇) ၏ နှစ်(၃၀)မြေငှားစာချုပ်မူရင်း ပျောက်ဆုံးသွားသဖြင့် မြေငှားစာချုပ်မိတ္တူမှန် ထုတ်ပေးပါရန် မြေကွက်အမည်ပေါက် ဒေါ်ကြည်ကြည်စမ်း ၁၂/တမန(နိုင်) ၀၃၆၂၀၃ (ဘ)ဦးချစ်လှိုင် မှလျှောက်ထားမှုအားဌာနမှ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် မြေငှားစာချုပ်မိတ္တူမှန် ထုတ်ပေးမည်ဖြစ်ပါ၍ မူလကထုတ်ပေးထားသည့် ပျောက်ဆုံးသွားသော မြေငှားစာချုပ်အမှတ်-ပုဗ္ဗသီရိ/သစ်-၂၈၆/၂၀၁၂-၂၀၁၃ ဒေါ်ကြည်ကြည်စမ်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မူရင်းကို မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု ဌာနမှ ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(၈၅၃)၊ ချမ်းတောင်ရပ်ကွက်နေ ဖခင် ဦးအုန်းခိုင်(ခ)အုံးခိုင်၏ သားဖြစ်သူ မောင်ငြိမ်းချမ်း ၉/ခမစ(နိုင်)၀၈၇၈၅၀ သည် ကိတ္တိမမွေးစားခြင်း ကတိစာချုပ်ရှိ ညွန့်ဝင်း (ဘ)ဦးအုန်းခိုင် (၁၃၅၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်) ၇-၁၁-၁၉၉၅ ရက်တွင် မွေးဖွားသူနှင့် တစ်ဦးတည်းဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူ-** **လွှဲအပ်ညွှန်ကြားချက်အရ-**
**ငြိမ်းချမ်း(ခ)ညွန့်ဝင်း** **ဒေါ်အေးမြတ်သူ (LL.B)(စဉ်-၅၂၅၅၀)**
**၉/ခမစ(နိုင်)၀၈၇၈၅၀** **အထက်တန်းရှေ့နေ**
**၃၉လမ်း၊ ၇၂x၇၃လမ်းကြား၊**
**မဟာနွယ်စဉ်ရပ်ကွက်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့**

## ဒေါ်မိုးသီတာ ၁၂/ဗဟန(နိုင်)၀၂၉၇၆၀ နှင့် သက်ဆိုင်သူများ သိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်ဇော်အောင် ၁၂/လမတ(နိုင်)၀၀၁၃၁၂ ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်။

ဒေါ်မိုးသီတာသည် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ယခင်ကွင်းအမှတ်-၄၈၆၊ ဦးပိုင်အမှတ်-၈၀/၉၊ ဆင်ဖုံတောင်ကျေးရွာရှိ မြေကေ-နှစ်ကေ တိတိကို ပလပ်မြေဖြစ်ပြီး ၎င်းအနေဖြင့် အရှုပ်အရှင်းကင်းစွာဖြင့် စိတ်တိုင်းကျ စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် မြေကွက်ဖြစ်ကြောင်း အဆိုပြု၍ ဝယ်ယူသူ ပိုင်ရေးဆိုင်ခွင့်ရရှိအောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကတိပြုပြီး ရောင်းချခဲ့သဖြင့် ဦးဇော်ဇော်အောင်မှ ၁၁-၃-၂၀၁၄ ရက်စွဲပါစာချုပ်ဖြင့် ဝယ်ယူခဲ့ရာတွင် ရောင်းသူအနေဖြင့် ဒေါ်မိုးသီတာမှ လက်မှတ်ရေးထိုး၍ အရောင်းအဝယ်ပြုလုပ်ခဲ့ကြပါသည်။ ဝယ်ယူသူ ဦးဇော်ဇော်အောင်ဘက်မှ မိမိ၏အမည်ပေါက် ပိုင်ရေးဆိုင်ခွင့်ရရှိရန် စောင့်ဆိုင်းနေခဲ့ရာ နောက်ဆုံးစုံစမ်းသိရှိရသည်မှာ ယင်းမြေကွက်သည် အစိုးရပိုင် (ပလပ်မြေ)ဖြစ်ကြောင်းနှင့် ဦးဇော်ဇော်အောင် ပိုင်ရေးဆိုင်ခွင့်မရရှိနိုင်ကြောင်း စုံစမ်းသိရှိရပါသည်။

အထက်ပါအခြေအနေကြောင့် ဒေါ်မိုးသီတာမှ ရောင်းသူအဖြစ် လက်မှတ်ရေးထိုး ရောင်းချခဲ့သောမြေကွက်သည် မိမိပိုင်ရေးဆိုင်ခွင့်ဖြင့် စီမံခန့်ခွဲခွင့် မရှိသော မြေကွက်အား မမှန်မကန်ပြောဆိုရောင်းချခဲ့သည့်အခြေအနေ ဖြစ်ပေါ်နေပါသောကြောင့် ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ဆက်သွယ်၍ ဖြေရှင်းပေးရန်နှင့် ဖြေရှင်းပေးခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်မိုးသီတာနှင့် သက်ဆိုင်သူများ အားလုံးသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးဇော်ဇော်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထင်လင်းနိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ် - ၇၁၁၂ (၁၀-၁၂-၂၀၀၂)**
**ဖုန်း-၀၉-၅၀၃၉၃၀၆၊ ၀၉-၇၈၅၀၃၉၃၀၆**

## ဒေါ်မိုးသီတာ ၁၂/ဗဟန(နိုင်)၀၂၉၇၆၀ နှင့် သက်ဆိုင်သူများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်တင် ၁၂/လမတ(နိုင်)၀၂၈၀၇၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်-

ဒေါ်မိုးသီတာသည် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ယခင် ကွင်းအမှတ်-၄၈၆၊ ဦးပိုင်အမှတ်- ခ/၈၀/ ၂၊ ဆင်ဖုံတောင်ကျေးရွာရှိ မြေကေ-တစ်ကေတိတိကို ပလပ်မြေဖြစ်ပြီး ၎င်းအနေဖြင့် အရှုပ်အရှင်းကင်းစွာဖြင့် စိတ်တိုင်းကျ စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် မြေကွက်ဖြစ်ကြောင်း အဆိုပြု၍ ဝယ်ယူသူ ပိုင်ရေးဆိုင်ခွင့်ရရှိအောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကတိပြုပြီး ရောင်းချခဲ့သဖြင့် ဦးအောင်တင်မှ ၂၂-၇-၂၀၁၄ ရက်စွဲပါ စာချုပ်ဖြင့် ဝယ်ယူခဲ့ရာတွင် ရောင်းသူအနေဖြင့် ဒေါ်မိုးသီတာမှ လက်မှတ်ရေးထိုး၍ အရောင်းအဝယ်ပြုလုပ်ခဲ့ကြပါသည်။ ဝယ်ယူသူ ဦးအောင်တင်ဘက်မှ မိမိ၏အမည်ပေါက် ပိုင်ရေးဆိုင်ခွင့်ရရှိရန် စောင့်ဆိုင်းနေခဲ့ရာ နောက်ဆုံးစုံစမ်းသိရှိရသည်မှာ ယင်းမြေကွက်သည် အစိုးရပိုင် (ပလပ်မြေ)ဖြစ်ကြောင်းနှင့် ဦးအောင်တင် ပိုင်ရေးဆိုင်ခွင့် မရရှိနိုင်ကြောင်း စုံစမ်းသိရှိရပါသည်။

အထက်ပါအခြေအနေကြောင့် ဒေါ်မိုးသီတာမှ ရောင်းသူအဖြစ် လက်မှတ်ရေးထိုး ရောင်းချခဲ့သော မြေကွက်သည် မိမိပိုင်ရေးဆိုင်ခွင့်ဖြင့် စီမံခန့်ခွဲခွင့် မရှိသော မြေကွက်အား မမှန်မကန် ပြောဆိုရောင်းချခဲ့သည့်အခြေအနေ ဖြစ်ပေါ်နေပါသောကြောင့် ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ဆက်သွယ်၍ ဖြေရှင်းပေးရန်နှင့် ဖြေရှင်းပေးခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်မိုးသီတာနှင့် သက်ဆိုင်သူများ အားလုံးသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးအောင်တင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထင်လင်းနိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ စဉ် - ၇၁၁၂ (၁၀-၁၂-၂၀၀၂)**
**ဖုန်း-၀၉၅၀၃၉၃၀၆၊ ၀၉-၇၈၅၀၃၉၃၀၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်ရပ်၊ ဆင်ဖြူရှင်ရပ်ကွက်ရှိ ဒုတကဝင်းခိုင် (ကိုယ်ပိုင်အမှတ် ၈၆၈၉၀၁) ၉/ပမန(နိုင်)၁၄၇၁၄၆ (ဘ)ဦးလှရင်အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င)၁၀၅၁ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်ရင်ထွေး ၉/ပမန(နိုင်)၀၅၂၂၇၅ (ဘ) ဦးအောင်မောင်း မှတရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ ဒုတကဝင်းခိုင် သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/ထန်းတပင်ရပ်၊ မြေကွက်အမှတ် (ဒ-၆၀၅၅)၊ မြေရေိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးကျော်ဆန်းဝင်း(ဘ) ဦးကံမြိုင် ၉/မနတ(နိုင်)၀၈၆၂၄၈ အမည်ပေါက် ပါမစ်မြေကွက်ကို ဦးမြင့်ဇော်ဦး (ဘ) ဦးခင်မောင်ကြည် ၉/မခန(နိုင်)၁၉၉၄၇၆မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်း ထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ယခင်ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ယခုဒဂုံ မြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၆)၊ အကျယ်အဝန်း (ပေ ၄၀ x ပေ ၆၀)စီရှိကြသော ဦးမြင့်ဆွေ(TTA-၁၀၀၇၈၂)အမည်ပေါက်မြေချပါမစ် မြေကွက်အမှတ်(၆၆)၊ ဦးထွန်းဝေ(CG-၀၈၆၆၂၆) အမည်ပေါက် မြေချပါမစ် မြေကွက်အမှတ်(၇၁)နှင့် ဦးသန်းဌေး(CA-၀၄၇၃၄၃) အမည်ပေါက် မြေချပါမစ် မြေကွက်အမှတ်(၇၂)စသည့်မြေကွက်များနှင့် ယင်းမြေကွက်တို့ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်ဝင်းဝင်းသန်း ၁၂/လကန(နိုင်)၀၃၃၇၂၄ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဇော်မျိုးနိုင်(LL.B, D.B.L)** | **ဦးတင်ကိုလှိုင်(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၅၆၅၃)** | **အထက်တန်းရှေ့နေ(စဉ်-၅၀၅၈၂)** |

**အမှတ်(၇၂/မြေညီ)၊ ငမိုးရိပ်(၁၀)လမ်း၊ အပိုင်း(၄)၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၂၅၀၂၉၀၇၈၁၊ ၀၉-၂၅၀၉၇၁၇၂၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၀)၊ မြေကွက်အမှတ်(၁၀၀၆)၊ အကျယ်အဝန်း (ပေ၄၀ x ပေ၆၀)ရှိ ဦးကြည်ထွန်းအမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးဟုန်ကွယ်ချင် ၁၃/လရန(နိုင်)၁၁၈၇၂၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ပင်စီမောင် ၁၂/သဃက(နိုင်)၁၄၇၆၃၂က ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ပင်စီမောင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမြမွန်(LL.B, LL.M)**
**အထက်တန်းရှေ့နေ(စဉ်-၃၄၆၇၉)**
**အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၉၅၆၈၃၃၇၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လယ်ဝေးမြို့၊ အမှတ်(၄)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃/ကံဆွယ်မြောက်ရပ်)၊ ဦးပိုင်အမှတ်(၂-ခ)၊ မြေရေိယာ ၀ ဒသမ ၀၄၆ဧကရှိ အစိုးရ(မြို့မြေ)မြေကွက်အား ဒေါ်သိန်းထွေး(ဘ) ဦးမြိုင် ၉/လဝန(နိုင်)၁၃၄၀၄၀ မှ အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်းများတင်ပြ၍ အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့်တင်ရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လယ်ဝေးမြို့၊ အမှတ်(၆)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/အလင်းရောင်မြို့ကွက်သစ်(၁)၊ ဦးပိုင်အမှတ်(စ-၁၆)၊ မြေရေိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဒေါ်မိုင်မေဘယ်အောင်ဘော် အမည်ပေါက် မြို့မြေကွက်အား ဦးသော်တာထွန်း(ဘ)ဦးထွန်းကြိုင် ၉/လဝန(နိုင်)၁၄၂၄၄၃ မှ အရောင်းအဝယ် ကတိစာချုပ်မူရင်း၊ တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်းများ တင်ပြ၍ အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့်တင်ရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် CC/9613 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3C/1564 Toyota Sprinter CE 106 S/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်မင်းမင်းပိုင် ၈/မတန(နိုင်) ၀၉၄၄၃၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 49W/97188 SUZUKI SMASH 110 M/C ယာဉ်လက်ဝယ်ရှိသူ CHINDWIN AYEYAR CO.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ခိုင်မာလာသန်း ၁၂/မဂတ(နိုင်)၀၇၂၅၇၈ ၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉-၈၈၅၁၇၀၀၇၁၂**

## ပျောက်ဆုံးကြောင်း

ကျွန်မ မမာလာမင်းထွန်း ၁၂/မဂတ(နိုင်)၁၂၄၈၆၁ ၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉-၈၈၅၁၇၀၀၇၁၂**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် GG/5135 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ ဘောက်ထော်ပြည်သာယာအိမ်ရာ၊ (၄)ခန်းတွဲ (၆)ထပ်အဆောက်အအုံ၏ ဒုတိယထပ်၊ တိုက်(၅)၊ အခန်း(၂၃)ရှိ ဒေါ်စန်းစန်းညွန့်အမည်ပေါက် တိုက်ခန်းနှင့် ရေ/မီးမီတာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်သည့် ဦးအောင်ဆွေအေး ၉/မနမ(နိုင်)၀၀၇၇၀၄ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအား ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| ဒေါ်ပွင့်ဝါဦး(ခ)ပွင့်ဝါဖူး | ဒေါ်သိမ့်ဇာနည်အောင် | ဒေါ်ယဉ်မေသိမ်း(ခ)မြတ်စုရည် |
| (LL.B) | (LL.B) | [(LL.B, M.A(Business Law)] |
| (စဉ်-၅၁၇၃၇/၂၀၁၉) | (စဉ်-၄၈၂၂၈/၂၀၁၆) | တရားလွှတ်တော်ရှေ့နေ |
| | အထက်တန်းရှေ့နေများ | (စဉ်-၁၃၀၁၉/၂၀၁၇) |

**YIN MAY THEIN AND ASSOCIATES LEGAL SERVICES**
**အမှတ်(၂/၄၆)မဟာဗောဓိလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၀၈၆၁၀၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း၊ အမှတ်(၅၀၁)နေ ဒေါ်နန်းရတနာဝတ်ရည် ၁၂/ဒဂတ(နိုင်) ၀၇၃၇၂၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၃ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ် (၂၈၈/ က)အကျယ်အဝန်း (အလျား ၂၀ ပေ x အနံ ၆၀ ပေ) မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် (၆)ထပ်တိုက်၏ ဒုတိယထပ်တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထားရောင်းချပိုင်ခွင့်ရှိသည့် ဒေါ်စန်းစန်းတင့် (၎င်း၏ အထွေထွေကိုယ်စားလှယ်စာရသူ) ဒေါ်အေးအေးမွန် ၁၂/ရကန(နိုင်) ၀၁၇၉၇၈ ထံမှတစ်ဆင့် ကျွန်ုပ်မိတ်ဆွေမှ ၅-၁-၂၀၂၃ ရက်တွင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၃)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်နန်းရတနာဝတ်ရည်** | **ဒေါ်အေးသူဇာအောင်(LL.B)** |
| **၁၂/ဒဂတ(နိုင်)၀၇၃၇၂၄** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၉၄၃)** |
| | **သဃ်္ဃန်းကျွန်းမြို့နယ်ရှေ့နေများနားနေခန်း၊** |
| | **သဃ်္ဃန်းကျွန်းမြို့နယ်တရားရုံး၊** |
| | **ဖုန်း-၀၉-၄၂၄၅၉၉၆၈၃၀၊ ၀၉-၇၉၉၂၆၁၅၇၄** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၄) ရပ်ကွက်၊ ချယ်ရီ(၄)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (င/၁၂)၊ မြေကွက်အမှတ် (၄၃၀) ဦးဝင်းကြည်အမည်ပေါက်မြေချပါမစ်မူရင်း (၆၀ပေx၆၀ပေ) အကျယ်အဝန်းရှိ မြေကွက်မှာအမည်ပေါက်ပိုင်ဆိုင်သူ ဦးဝင်းကြည်ထံမှ အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဦးမျိုးမင်းသန်း(ဘ)ဦးလှမြင့် ၉/လဝန(နိုင်)၁၅၂၄၀၈မှ ဝယ်ယူပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အပေါင်အနှံ၊ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံလျက် ကျွန်ုပ်၏မိတ်ဆွေ ဦးမနီဗာစတန် ၁၂/ဥကမ(ဧည့်)၀၀၀၀၀၉အား ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ စရန်ပေးဝယ်ယူသည့် မြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်ပါကြောင်း၊ ပတ်သက်ပါကြောင်း အရေးဆိုခွင့်ရှိသူတို့သည် ခိုင်လုံသောအထောက်အထားအပြည့်အစုံစာရွက်မူရင်းပြသပြီး ကျွန်ုပ်ထံသို့ ဤသတင်းစာ ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ရက်ပြည့်သည်အထိ ကန့်ကွက်မည့်သူမရှိပါက ဖော်ပြပါ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်တင်တင်လှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၄၀၊ ၃(ဘီ)၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၆၄၄၇၁၇၉၂၊ ၀၉-၄၄၅၇၄၉၀၉၇**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1I/2355 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွှာသာကြီး)**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
## အောင်မြေသာစံခရိုင်တရားရုံးတော်
## ၂၀၂၂ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၃၃

**ကွယ်လွန်သူဦးမောင်ကြိုင် (ခ)ဦးစိန်ကြိုင်၏ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရှင်တော်ကုန်းကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးမောင်ကြိုင် (ခ) ဦးစိန်ကြိုင်၏ ကျန်ရစ်သော မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရှင်တော်ကုန်းကျေးရွာရှိ ကွင်းအမှတ် ၅၀၉^က^/ရွှေးစုနောက်၊ ဦးပိုင်အမှတ်-၈၇/၁၊ ဧရိယာ ၂ ဒသမ ၀၃ ဧကရှိ လယ်ယာမြေအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်နီက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၇ရက် (၁၃၈၄ခုနှစ် တပို့တွဲလဆန်း ၇ရက်) တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးမောင်ကြိုင် (ခ) ဦးစိန်ကြိုင် ၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၇ ရက် (၁၃၈၄ခုနှစ် တပို့တွဲလဆန်း ၇ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာမထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင်ရုံးတော်က ဒေါ်နီ၏လျှောက်လွှာပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန်းကိန်ခမ်း)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**အောင်မြေသာစံခရိုင်တရားရုံး**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ်(၁၂၇)၊ ဦးပိုင်အမှတ်(၂၂) မြေကွက်အတွင်းမှ မြောက်ဘက်ခြမ်းဧရိယာ အရှေ့အနောက်(၂၂)ပေ၊ တောင်မြောက်(၃၂)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်ရီသန်း (ခ) ဒေါ်မေရီသန်း (ဘ) ဦးရန်အေး ၉/သပက(နိုင်)၀၂၁၀၂၄ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများကို ပေးချေထားပြီး ဖြစ်ပါသည်။ ယနေ့မှာပင် အပြီးသတ် အရောင်းအဝယ် စာချုပ်ချုပ်ဆိုမည်ဖြစ်ပြီး အဆိုပါ စာချုပ်ချုပ်သည့်ရက်မှစ၍ အထက်ပါမြေကွက်ကို ဝယ်ယူသူ ဦးရန်ကျော်စွာဦး (ဘ) ဦးခင်မောင်ဦး တစ်ဦးတည်းမှသာ တရားဝင်ပိုင်ဆိုင်သွားပြီဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာချုပ်မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**
**ဒေါ်ခင်သီတာပြည့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၃၅၈၈ )**
**အကွက်(၃၁၅) ၊ကြေးနန်းဝင်းရပ်ကွက်၊ ဒေး/နောက် ၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း -၀၉-၄၃၀၂၉၆၃၁**

## မော်လမြိုင်မြို့၊ ဖက်တန်းရပ်ကွက်၊ အရှေ့တပ်မြေလမ်း- ခြံအမှတ်(၇)၊ တိုက် (A) (သုံး) လွှာ၊ ဒုတိယထပ်၊ ခြေရင်းခန်းရှိ ၂၃ ပေ x ၆၀ ပေ အကျယ်ရှိ နေအိမ်တိုက်ခန်းနှင့် ပတ်သက်၍ဝယ်ယူထားကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ရည်ညွှန်းဖော်ပြပါ လိပ်စာပါတိုက်ခန်းအား တရားဝင်လက်ရောက်ရယူပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချခွင့်ရှိသူ ဦးမြတ်သာကျော် ၁၂/စခန(နိုင်)၀၀၄၃၅၂ ထံမှ ၁၀-၆-၂၀၂၂ ရက်တွင် အပြီးအပိုင် ဝယ်ယူရရှိပြီးဖြစ်ကြောင်းနှင့် ဤတိုက်ခန်းအား လက်ဝယ်ပိုင်ဆိုင်ရရှိပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကြူကြူနိုင်**
**၉/တကန(နိုင်) ၀၀၅၄၃၁**
**တိုက်နံပါတ်(၅၄)၊ အခန်း (၁၃)၊ စံပြဖဆပလရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၄၁၁၆၄၅**

## အသိပေးကြော်ငြာခြင်း

၁။ မူဆယ်မြို့နယ်၊ ကောင်းမူးတုံရပ်ကွက်၊ အကွက်အမှတ်(၅၂/နောင်ဖိုမေးအနောက်တောင်)၊ ဦးပိုင်အမှတ်(၆၁)၊ မြေရေိယာ ၀ ဒသမ ၁၈၃ ဧကရှိ မြေနေရာသည် ဦးစိုင်းထွန်းအေး အမည်ဖြင့် ပိုင်ဆိုင်ခဲ့ပြီး ဦးစိုင်းထွန်းအေး ထံမှ ၁၀-၇-၂၀၀၂ ရက်တွင် ဒေါ်ကြူကြူအေး ၁၃/နခန(နိုင်)၀၃၇၉၈၅ မှ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အိမ်ဝိုင်းမြေလွှဲပြောင်း ရောင်းချခြင်းစာချုပ်ချုပ်ဆို၍ ဝယ်ယူပြီးဖြစ်သဖြင့် ဒေါ်ကြူကြူအေးမှ မြေငှားဂရန်အသစ်လျှောက်ထားလာပါသည်။

၂။ သို့ဖြစ်ပါ၍ မူဆယ်မြို့နယ်၊ ကောင်းမူးတုံရပ်ကွက်၊ အကွက်အမှတ်(၅၂/နောင်ဖိုမေးအနောက်တောင်)၊ ဦးပိုင်အမှတ်(၆၁)၊ မြေရေိယာ ၀ ဒသမ ၁၈၃ ဧကရှိ မြေနေရာအား ဒေါ်ကြူကြူအေးအမည်ဖြင့် မြေငှားဂရန်အသစ်လျှောက်ထားခြင်းအား ကန့်ကွက်လိုသည့် ပုဂ္ဂိုလ်များအနေဖြင့် ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားများယူဆောင်၍ မူဆယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားသူအား မြေငှားဂရန်အသစ်ထုတ်ပေးသွားမည်ဖြစ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မူဆယ်မြို့၊ ဖုန်း-၀၈၂-၅၀၆၉၀**

# စွမ်းအင်ဝန်ကြီးဌာန
# မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရေနံနှင့် ရေနံဓာတုဗေဒပစ္စည်းများ သယ်ယူပို့ဆောင်ရေးဌာနမှ အောက်ဖော်ပြပါအတိုင်း ရေနံစိမ်းတွဲ(၆)တွဲရှိ ရေနံစိမ်းများအား မျက်မြင်အခြေအနေအတိုင်း အပြောင်းရှင်း စနစ်ဖြင့် တပေါင်းတည်း တင်ဒါ ခေါ်ယူရောင်းချမည်ဖြစ်ပါ၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် (၄၄)၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တည်နေရာ | ပစ္စည်း အမျိုးအမည် | ပမာဏ (ဂါလန်) | တင်ဒါပိတ်ချိန် | | တင်ဒါဖွင့်ချိန် | |
|---|---|---|---|---|---|---|---|
| | | | | နေ့ရက် | နာရီ | နေ့ရက်၊ | နာရီ |
| ၁ | သံပုရာကန် | ရေနံစိမ်း | ၁၀၀,၈၀၇ | ၁၇-၁-၂၀၂၃ | ၁၂:၀၀ | ၁၇-၁-၂၀၂၃ | ၁၄:၀၀ |

၂။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၀၈၂သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

# မြေငှားဂရန် လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူ အမည် | လျှောက်ထားသည့်မြေ၏ မြို့နယ်/ မြို့ | ရပ်/ကျေး | အကွက်အမှတ်/ အမည် | ဦးပိုင် အမှတ် | ဧရိယာ (ဧက) | အကြောင်း အရာ |
|---|---|---|---|---|---|---|---|
| ၁ | ဦးဝင်းထိန် | ပုသိမ် | ပျဉ်းက တိုးကုန်း | ပျဉ်းကတိုးကုန်း ကွင်း | ၅၄ | ၀.၆၂ | လူနေထိုင်ရန် |
